# ကြေးမုံ

The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ (20-11-2013) (၇၆၇၀)


## ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၄၉/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

### ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ကျောက်ဖြူခရိုင်တရားသူကြီး ဒေါ်စန်းစန်းရီအား ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းကူညီဆောင်ရွက်သွားရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ကာနာဂါဝါပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Yuji KUROIWA နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)



ယင်းသို့တွေ့ဆုံရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများ၌ ကာနာဂါဝါပြည်နယ်အစိုးရက နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်သွားရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်တည်ဆောက်မှုတွင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားရာ ကာနာဂါဝါပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံမှုပြုရေးနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းမြင့်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကာနာဂါဝါပြည်နယ် ယိုကိုဟားမားမြို့တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေခြင်းမရှိသော ကျောက်မီးသွေးစက်ရုံကို တည်ဆောက်ထားရာ နိုင်ငံတော်သမ္မတ၏ ၂၀၁၂ ခုနှစ် ဧပြီလအတွင်း သွားရောက်ခဲ့သော ဂျပန်နိုင်ငံခရီးစဉ်တွင် အဆိုပါစက်ရုံအား သွားရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာနိုင်သည်။

**(သတင်းစဉ်)**




## ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် (အိန္ဒိယနိုင်ငံ)ချင်းနိုင်မြို့၏ အရှေ့မြောက်ဘက် ၃၄၆ မိုင်ခန့်၊ (အိန္ဒိယနိုင်ငံ) ဗီဆာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်၊ (မြန်မာနိုင်ငံ) ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် မိုင် ၄၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက် - အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻**




ကြေးမုံစာတည်းရှုထောင့် **၂၀-၁၁-၂၀၁၃၊ ဗုဒ္ဓဟူးနေ့**

# သစ်ပင်ချစ်ခင်တန်ဖိုး

မိဘနှစ်ပါး၏ သားသမီးအပေါ်ထားသည့် မေတ္တာကို အနှိုင်းမဲ့ဟု တင်စားသုံးနှုန်းကြသည်။ မည်သည့်အရာနှင့်မျှ တုနှိုင်း၍ မရစကောင်းသော ရတနာဟု နှလုံးသားတွင် မှတ်ကျောက်တင်ထားကြသည်။ ထိုထိုသော အနန္တမေတ္တာရှင်များသည်ပင် တစ်ခါတစ်ရံ အလိုမကျပါလျှင် တစ်ခါတစ်ခါ လိုအပ်သည်ဟု ထင်မှတ်ပါလျှင် သားသမီးအပေါ် ဆူပူငေါက်ငမ်း ပြစ်တင်မှုပြုကြသည်။

သားသမီးအပေါ် မည်သို့ပင်မေတ္တာထားတတ်ကြစေကာမူ အချို့မိဘများအနေဖြင့်လည်း မတတ်သာသည့်အခါ "ကမ္ဘာမီးလောင် သားကောင်ချနင်း"ပြုမူတတ်ကြသေးသည်။ ယင်းမှာ မိဘနှင့်သားသမီး ဖြစ်တတ်သည့် ဥပမာဖြစ်သလို သက်ရှိသတ္တဝါတို့တွင်လည်း အလားတူဖြစ်၏။

သက်ရှိလူသတ္တဝါများမှာ ထိုသို့ဖြစ်သော်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ သက်ရှိအပင်များမှာမူ ယင်းသို့မဟုတ်ချေ။ သက်ရှိလူသတ္တဝါများ၏ လိုအပ်ချက်ကို ရုပ်ဝတ္ထုတစ်ခုလုံး အနစ်နာအဆုံးရှုံးခံကာ ထာဝရပေးဆပ်နေသည့် အဖြစ်ကိုမူ လူတို့သတိမူမိကြမည် မဟုတ်ပါ။

မြန်မာတို့ဆိုရိုးစကားတွင် "လူ့အလို နတ်မလိုက်နိုင်"ဟူ၍ ရှိသည်။ လိုချင်သောလောဘ လူတို့သဘာဝကြောင့် သစ်တောသစ်ပင်များကို လူတို့အလိုရှိတိုင်း ခုတ်ယူကြသည်။ သစ်ပင်၊ သစ်ဉ၊ သစ်မြစ်ပါမကျန် အသုံးပြုကြသည်။ ယုတ်စွအဆုံး ကိုင်းဖျား၊ ကိုင်းနားမကျန် လူတို့အတွက် ထင်း၊ မီးသွေး အဖြစ် အသုံးချကြသည်။

ထို့အပြင် လူနှင့်ပတ်ဝန်းကျင်မှ စွန့်ပစ်လိုက်သော အန္တရာယ်ရှိကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လက်ခံစုပ်ယူပြီး လူသတ္တဝါတို့အသက်ရှင်သန်နိုင်ရန် ထုတ်လွှတ်ပေးသည့် အောက်ဆီဂျင်ဓာတ်ငွေ့ကို အသုံးပြုနေဆဲဖြစ်သည်။ လူတို့အတွက် အသုံးအဆောင်များကို ထုတ်ပေးရုံသာမက သဘာဝဘေးအန္တရာယ် တိုက်ရိုက်မကျရောက်နိုင်စေရန်အတွက်လည်း အကာအကွယ်ပေးသည်။

ရှေးလူကြီးသူမများက "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနား" ဆိုစကားဖြင့် သစ်ပင်ကို ချင်ခင်အမွှမ်းတင်ထားသည်။ သစ်တောသစ်ပင်ကို အလေးထားခဲ့သည်။ ထို့ကြောင့် "ဥတုရာသီ တောကိုမှီ"ဟူ၍ သစ်တောထိန်းသိမ်းသူတို့က ညွှန်းဆိုပြသည်။ သစ်တောဖုံးလွှမ်းရာအရပ်ဒေသ၌ ရာသီဥတုကောင်းမွန်မျှတပြီး မြေဆီမြေသြဇာကောင်းမွန်လှသည်မှာ လက်တွေ့သာဓကဖြစ်သည်။

သစ်တောသစ်ပင်တို့၏ အကျိုးကျေးဇူးနှင့် ကောင်းခြင်းအဖြာဖြာတို့မှာ ပြော၍မကုန်၊ ယူ၍မဆုံးရှိချေလိမ့်မည်။ ဟိမဝန္တာချီးမွမ်းခန်း ရှုံးလောက်ပေလိမ့်မည်။ တစ်ထောင့်တစ်ညပုံပြင်ပမာ သစ်တောကြီးများ၏ အကြောင်းမှာ မဆုံးနိုင်အောင်ရှိပေလိမ့်မည်။

သို့သော် သစ်တောသစ်ပင်များ၏ ကျေးဇူးကြီးမားပုံကိုမူ လူတို့သတိမမူမိကြသည်မှာ အမှန်ဖြစ်သည်။ "အသိ ခေါက်ခက် အဝင်နက်"ဟု ဆိုရမလောက်ပင် လူတို့သည် သစ်ပင်များကို ခုတ်လှဲနေကြဆဲဖြစ်၍ ကမ္ဘာတစ်ခွင်တွင် သစ်ပင်များ တဖြည်းဖြည်း တိမ်ကောလာရသည်မှာ အမှန်ပင်ဖြစ်သည်။ 'ကမ္ဘာ့နှလုံးသား'ဟု တင်စားနိုင်သည့် မိုးသစ်တောများ လျော့နည်းလာခဲ့ရာ အကျိုးဆက်အားဖြင့် ရာသီဥတုဖောက်ပြန်ခြင်းကို လက်တွေ့ခံစားနေကြရသည်။

ကမ္ဘာတစ်ဝန်း သောက်သုံးရေ အခက်ကြုံလာရသည်။ ၂၀၂၅ ခုနှစ်အရောက်တွင် လူဦးရေ သန်းပေါင်း ၆၀၀၀ကျော် သောက်သုံးရေအတွက် အခက်ကြုံနိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။ အဆိုပါဆိုးကျိုးများသည် သစ်တောပြုန်းတီးမှုမှ အစပြုခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သစ်တောများကို အသိရှိသူတိုင်း ဝိုင်းဝန်းကာကွယ်ကြရမည်။ ဝိုင်းဝန်းထိန်းသိမ်းကြရမည်။ ဝိုင်းဝန်းစိုက်ပျိုးကြရမည်။ ပျက်အစဉ် ပြင်ခဏ ဝိုင်းဝန်းပြုပြင်ကြမည်ဆိုလျှင် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးကို ပြန်လည်ဆပ်ရာရောက်မည်ဖြစ်သလို အခြားတစ်ဖက်တွင် မျိုးဆက်သစ်လူသားများအား သစ်တောသစ်ပင်များကို ချစ်ခင်တတ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဆိုလျှင် မကြာမြင့်မီကာလတွင် "နိုင်ငံတစ်ဝန်း သစ်တောအစွမ်းဖြင့် စိမ်းလန်းစေရမည်" မှာ မြေကြီးလက်ခတ်မလွဲပါတည်း။ ။



## ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့၌ ဝင်ရောက်ရပ်နားစဉ် ဇဟာရ်ရှားဂူဗိမာန်သို့သွားရောက်ဂါရဝပြု

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဟာမက်နာဝတ်ဇ်ရှရစ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့သွားရောက်ခဲ့ပြီး အပြန်ခရီးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်ရပ်နားရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ ခေတ္တသံအမတ်ကြီး Mr. Adnan Majit နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပါကစ္စတန်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဒဂုံမြို့နယ်ဇီဝကလမ်းရှိ ဇဖာရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကာ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၁၈၀၀ | - | ၆၇၂၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၁၅၀၀ | - | ၆၇၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၇၃. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၁၄. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၅၉. ၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၀. ၈၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၅. ၃၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၅. ၅၈၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၇၄. ၄၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၁၂၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၁. ၉၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၆၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်း မြမြ



# မွန်ဂိုလီးယားသမ္မတနှင့်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်၌ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ် ဘတ်ခ် ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**(အောက်ပုံ)**

ထို့နောက် စေတီတော်ပရိဝုဏ်ရှိ ရတနာဆင်ဖြူတော်ဆောင်၌ ဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြပြီး အစာများ ကျွေးမွေးကြသည်။

မွန်းလွဲပိုင်းတွင် မွန်ဂိုလီးယားသမ္မတနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် မွန်ဂိုလီးယားသမ္မတနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပုဂံမြို့သို့ထွက်ခွာကြရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**





# မွန်ဂိုလီးယားနိုင်ငံသမ္မတနှင့်အဖွဲ့ ပုဂံ-ညောင်ဦးဒေသအတွင်း ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာအယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပုဂံ- ညောင်ဦးမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညေ့်သည်တော် မွန်ဂိုလီးယားသမ္မတနှင့်အဖွဲ့သည် ပုဂံပြည့်ရှင် အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ ကောင်းမှုတော်ဖြစ်သည့် ရွှေစည်းခုံစေတီတော် **(အပေါ်ပုံ)**၊ ရွှေစည်းခုံစေတီတော် အနီးရှိ နံရံနှင့်ပေါင်းကူးများတွင် ဗုဒ္ဓဝင်နှင့် ပုဂံပြည်ရောက် မွန်ဂိုတာတာစစ်သည်တော်ပုံများရေးဆွဲထားသည့် ကျန်စစ်သားဥမင်နှင့် ပုဂံမြို့ဟောင်းအတွင်း ကန်တော့ပလ္လင်ဘုရားတောင်ဘက်မြေဧရိယာ ၈ ဒသမ ၁၆ ဧကတွင် ရှစ်မြှောင့်သဏ္ဍာန် မြန်မာမှု အင်္ဂတေ၊ သစ်သားပန်းပုကနုတ်၊ ယွန်းရွှေဇဝါနှင့် ရွှေချည်ထိုးလက်ရာများဖြင့် တည်ဆောက်ထားသည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ပုဂံခေတ် အင်္ဂတေပန်းတော့လက်ရာများနှင့် နံရံမင်စာများတည်ရှိသည့် စူဠာမဏိ စေတီတော်နှင့်ပုဂံမြို့၏ နေဝင်ဆည်းဆာအလှများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Ayer River View Resort ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# ပထမအကြိမ် မြန်မာ-ဆွစ်ဇာလန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက်ဖြစ်နိုင်ခြေရှိမည့် စီးပွားရေးနယ်ပယ်ကဏ္ဍများ သတ်မှတ်နိုင်ရန်၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ကောင်းမွန်သည့် အလေ့အကျင့်များနှင့် သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားလှယ်များနှင့် ဆွစ်ဇာလန်နိုင်ငံမှ H.E. Mrs. Marie-Gabrielle INEICHEN-FLEISCH (Secretary of State of Economic Affairs) ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့၏ ပထမအကြိမ် မြန်မာ-ဆွစ်ဇာလန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားရာ၌ ယခုဆွေးနွေးပွဲသည် ယခင်ရေးထိုးခဲ့သည့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် ကုန်သွယ်ရေးကိစ္စရပ်များဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရာတွင် ဖြစ်နိုင်မည့် နယ်ပယ်များသတ်မှတ်ရန်အတွက် Platform တစ်ခုအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်လျက်ရှိပါကြောင်း၊ ယခင်က ဗဟိုချုပ်ကိုင်သော စီးပွားရေးစီမံကိန်းစနစ်ကို ကျင့်သုံးခဲ့ရာမှ ယခုအခါ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နေပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ရရှိစေပါကြောင်း၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီများကို အကျိုးရှိစွာအသုံးပြုရေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာသေးမီက မြန်မာ-အီးယူလုပ်ငန်းအဖွဲ့အစည်းအဝေးတွင် မြန်မာ-အီးယူလုပ်ငန်းအဖွဲ့ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါကြောင်း၊ အီးယူလုပ်ငန်းအဖွဲ့ အစည်းအဝေးအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအား ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုရရှိပြီး စီးပွားရေးအခွင့်အလမ်းများကိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက်ဆွစ်ဇာလန်နိုင်ငံမှ H.E Mrs. Marie-Gabrielle INEICHEN-FLEISCH (Secretary of State of Economic Affairs)က မိမိနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ် များစွာပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေမှုများကို ကြိုဆိုပါကြောင်း၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆွစ်ဇာလန်နိုင်ငံ၏ အတွေ့အကြုံများကို မျှဝေသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် နေထိုင်အလုပ်လုပ်ကိုင်ခွင့်၊ ဈေးကွက်ရရှိမှု၊ ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမူဘောင်၊ အစိုးရ၏ပစ္စည်းဝယ်ယူရေးလုပ်ငန်း၊ ဉာဏပစ္စည်းမူပိုင်ခွင့်၊ အခြေခံအဆောက်အအုံ၊ ခရီးသွားလုပ်ငန်း၊ ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ အလုပ်သမားရပိုင်ခွင့်၊ လူမှုရေးဆိုင်ရာတာဝန်ယူမှုနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စသည့် အကြောင်းအရာများကို နှစ်နိုင်ငံအကြား အပြန်အလှန်ဆွေးနွေးခဲ့ပြီး မြန်မာ-ဆွစ်ဇာလန် ဆွေးနွေးမှုမှတ်တမ်းကို ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဆွစ်ဇာလန်နိုင်ငံမှ H.E. Mrs. Marie-Gabrielle INEICHEN-FLEISCH (Secretary of State of Economic Affairs) တို့က လက်မှတ်ရေးထိုးမှတ်တမ်းတင်လဲလှယ်ကြသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ H.E. Mrs. Marie-Gabrielle Ineichen-Fleisch (Secretary of State of Economic Affairs) စီးပွားရေး၊ ပညာရေးနှင့် သုတေသနဌာနဝန်ကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးအကြီးအကဲ၊ အရှေ့တောင်အာရှဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီးနှင့်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**✻ ရွှေဖုံးမှ**

ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ထားသော်လည်း မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါဖမ်း ရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ် ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# မြန်မာ-ဂျပန်ပို့ကုန်/သွင်းကုန် မြှင့်တင်နိုင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကာနာဂါဝါပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Mr. Yuji Kurorwa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်မြန်မာ-ဂျပန်ကုန်သွယ်မှုအခြေအနေများ၊ ပို့ကုန်/သွင်းကုန် မြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ မော်တော်ယာဉ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့ထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးအတွက် ဒီဇိုင်းနှင့်နည်းပညာ ကူညီထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လမ်း၊ တံတား၊ လျှပ်စစ်စသည့် အခြေခံအဆောက်အအုံများ မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် သတ္တမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသမီး/အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်(၆၀)နှစ်အထက် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ နှစ်ယောက်တွဲ အသက်ပေါင်း (၁၃၀)ပြည့် ဖြစ်ရမည်။ အသက်(၁၂)နှစ်အောက် အမျိုးသား/အမျိုးသမီး၊ အသက်(၁၄) နှစ်အောက် အမျိုးသား/အမျိုးသမီး၊ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး သက်တမ်းအလိုက်ပြိုင်ပွဲနှင့် Inter Club (အသင်းလိုက်) ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားမောင်မယ်တို့သည် နိုဝင်ဘာ ၂၉ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူလမ်း) စုံစမ်းရေးဌာနသို့ ကစားသမားကိုယ်တိုင်သော်လည်းကောင်း ဖုန်း-၀၉-၂၅၀၁၈၇၀၄၀၊ ၀၁-၃၈၁၉၉၁ တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။ ပွဲစဉ်ဇယားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ရုံးခန်းမ၌ အသင်းအုပ်ချုပ်သူ(သို့) အသင်းခေါင်းဆောင်များဖြင့် ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားရေးဆွဲမည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

# ဘေရွတ်မြို့ရှိ အီရန်သံရုံး၌ ဗုံးများပေါက်ကွဲ ၂၃ ဦးထက်မနည်းသေဆုံး၊ ၁၅၀ နီးပါး ဒဏ်ရာရ



ဘေရွတ်မြို့ရှိ အီရန်သံရုံးကို ပစ်မှတ်ထားသော ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

**ဘေရွတ် နိုဝင်ဘာ ၁၉**

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်တောင်ပိုင်းရှိ အီရန်သံရုံးကို ပစ်မှတ်ထားကာ နိုဝင်ဘာ ၁၉ ရက်က ဗုံးဖောက်ခွဲမှု နှစ်မှုဖြစ်ပွားခဲ့ရာ ၂၃ ဦးထက်မနည်းသေဆုံးပြီး လူ ၁၅၀ နီးပါးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

ယင်းဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ယူ ထုတ်ဖော်ကြေညာခြင်းမရှိကြောင်း၊ အီရန်သံရုံးဝင်းအတွင်းရှိ အဆောက်အအုံခြောက်လုံးခန့် ပျက်စီးခဲ့ရပြီး အနီးဝန်းကျင်ရှိ မော်တော်ယာဉ်များနှင့် အဆောက်အအုံများလည်း ပျက်စီးခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

အီရန်သံရုံးဝင်းအတွင်းသို့ ဗုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် ယင်းသံရုံး၌ အစောင့်အကြပ်တာဝန်ထမ်းဆောင်နေသည့် အီရန်လုံခြုံရေးတပ်ဖွဲ့၏ ပြောကြားချက်တွင် အသေခံဗုံးဖောက်ခွဲသူတစ်ဦးသည် သံရုံး၏ အဓိကဂိတ်တံခါးပေါက်၌ ဗုံးဖောက်ခွဲခဲ့ပြီး ဒုတိယမြောက်ဖောက်ခွဲသူတစ်ဦးက ကားတစ်စီးဖြင့်ရောက်ရှိလာကာ ပိုမိုအင်အားပြင်းထန်သောဗုံးတစ်လုံးကို ဖောက်ခွဲခဲ့သည်ဟုဆိုသည်။

ယင်းဗုံးဖောက်ခွဲမှုကြောင့် အီရန်နိုင်ငံသားတစ်ဦးမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း အီရန်သံရုံးက ပြောကြားသော်လည်း အီရန်ယဉ်ကျေးမှုသံမှူး သေဆုံးခဲ့ရကြောင်း လက်ဘနွန်အာဏာပိုင်များက ပြောကြားသည်။ **ပီတီအိုင်။**



# ဘာလီကျွန်းတွင် ဘတ်စ်ကားလျှိုထဲကျ ကမ္ဘာလှည့်ခရီးသည်များ သေဆုံး

**အူလူဝါတူ(အင်ဒိုနီးရှား) နိုဝင်ဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ အူလူဝါတူမြို့၌ တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် ဘတ်စ်ကားတစ်စီး လျှိုမြောင်အတွင်းသို့ ထိုးကျသွားရာ ခြောက်ဦးသေဆုံးပြီး သုံးဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသော ဘတ်စ်ကားသည် မတ်စောက်သောတောင်ထိပ်၌ တည်ရှိသည့် ဟိန္ဒူဘုရားကျောင်းသို့သွားရောက်စဉ် လျှိုအတွင်းထိုးကျသွားခြင်းဖြစ်သည်။ နိုဝင်ဘာ ၁၈ ရက်ကဖြစ်ပွားသော မတော်တဆမှုအတွင်း တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်လေးဦး၊ အင်ဒိုနီးရှားယာဉ်မောင်းတစ်ဦးနှင့် ဧည့်လမ်းညွှန်တစ်ဦးတို့သေဆုံးခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတောင်ပိုင်းရှိ အူလူဝါတူ ဟိန္ဒူဘုရားကျောင်းသို့ ဦးတည်မောင်းနှင်လာသော ဘတ်စ်ကားသည် ၁၅ မီတာနက်သော လျှိုအတွင်းထိုးကျသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **ပီတီအိုင်။**

# ပင်လယ်ဓားပြများကို ထိရောက်စွာ အရေးယူရန် လုံခြုံရေးကောင်စီက ဆိုမာလီနိုင်ငံကို တိုက်တွန်း

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၉**

ဆိုမာလီနိုင်ငံ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌လှုပ်ရှားနေသော ပင်လယ်ဓားပြများအား အရေးယူနိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆိုမာလီအစိုးရအား တညီတညွတ်တည်း တောင်းဆိုလိုက်သည်။

ပင်လယ်ဓားပြများ၊ ၎င်းတို့ကိုနောက်ကွယ်မှ ကြိုးကိုင်နေသူများနှင့် ဘဏ္ဍာငွေထောက်ပံ့ပေးနေသူများအား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဆိုမာလီအစိုးရအဖွဲ့ကို လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်တွင် တိုက်တွန်းထားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၈ ရက်တွင်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အား အဖွဲ့ဝင်နိုင်ငံအားလုံးက ကန့်ကွက်မဲမရှိ ထောက်ခံခဲ့သည်။ အိန္ဒိယသမုဒ္ဒရာနှင့် ထိစပ်နေသည့် ဆိုမာလီယာကမ်းလွန်ပင်လယ်ပြင်၌ ဥရောပသမဂ္ဂနိုင်ငံများ၊ အာဖရိကသမဂ္ဂနိုင်ငံများနှင့် ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့မှ ရေတပ်စစ်ရေယာဉ်များက စဉ်ဆက်မပြတ် ကင်းလှည့်စောင့်ကြပ်ကာ ပင်လယ်ဓားပြများအန္တရာယ် ကာကွယ်ရေးဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

၂၀၀၆ ခုနှစ်မှစ၍ ဆိုမာလီကမ်းလွန်ရေပြင်၌ ယင်းဓားပြတိုက်မှုဖြစ်စဉ်များ လျော့ကျခဲ့သည့်သတင်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြိုဆိုသည်။ ဆိုမာလီပင်လယ်ဓားပြများသည် ၂၀၀၉ ခုနှစ်တွင် သင်္ဘော ၄၆စင်းနှင့် ၂၀၁၀ ခုနှစ်တွင် သင်္ဘော ၄၇စင်းကို အပိုင်စီးခဲ့ကြောင်း ဥရောပသမဂ္ဂရေတပ်ဖွဲ့က ပြောကြားသည်။ **ပီတီအိုင်။**

# အီတလီနိုင်ငံ ဆာဒီနီယာကျွန်း၌ အရေးပေါ်အခြေအနေ ထုတ်ပြန်

**ရောမ နိုဝင်ဘာ ၁၉**

အီတလီနိုင်ငံ ဆာဒီနီယာကျွန်းတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာလိုက်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းတွင် ဖော်ပြသည်။

အီတလီနိုင်ငံ အနောက်ပိုင်း မြေထဲပင်လယ် ဆာဒီနီယာကျွန်းရှိ ရက်စ်မြို့တွင် နိုဝင်ဘာ ၁၈ရက်က ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ကြောင့် ၁၆ဦးထက်မနည်း သေဆုံးကာ လူအချို့ပျောက်ဆုံးလျက်ရှိသည်။

ရေလွှမ်းမိုးမှုကြောင့် ကမ်းပါးများပြိုသဖြင့် တံတားများကျိုးကျကာ ကားများ ရေစီးဖြင့်မျောပါသွားခြင်း၊ လူအချို့ ရေနစ်သေဆုံးခြင်း၊ လူနေအိမ်များ ရေလွှမ်းမိုးခံရခြင်းတို့ဖြစ်ပေါ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆာဒီနီယာကျွန်း အရှေ့မြောက်ပိုင်းရှိ အိုလ်ဘီယာမြို့၌ ရုတ်တရက်ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ဝန် ဂီယာနီက ပြောကြားသည်။ မုန်တိုင်းတိုက်ခတ်ခဲ့သောဒေသတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ရန် အီတလီဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။ **ရိုက်တာ။**



အီတလီနိုင်ငံ ဆာဒီနီယာကျွန်း၌ ရေလွှမ်းမိုးလျက်ရှိသည်ကို တွေ့ရစဉ်။

## ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

- ကွမ်းယာကို အမြဲမပြတ် စားခြင်း၊ ဝါးနေခြင်း၊ ငုံခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်၍ စားခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို အမျိုးမျိုးပြုပြင်ထားသော ဆေးပေါင်း၊ နှပ်ဆေးထည့်၍ စားခြင်းတို့ကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါကဲ့သို့သော မကူးစက်နိုင်သော နာတာရှည်ရောဂါများ၊ ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသံအိုးကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပွားစေနိုင်ပါသည်။

ထို့ကြောင့် ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

















# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မွန်ဂိုလီးယားသမ္မတ ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပေးအပ်

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မွန်ဂိုလီးယားသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။**

(သတင်းစဉ်)

# သံအမတ်ကြီး သူရဦးသက်ဦးမောင် တူရကီသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် အင်ကာရာမြို့၌ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ဂူးလ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံစစ်ဘက်နည်းပညာများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှား-မြန်မာစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးပူးတွဲဥက္ကဋ္ဌ Mr. Alexander Vasillievich Fomin ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး Mr. Alexander Vasillievich Fomin နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရုရှား-မြန်မာ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်မှု အခြေအနေများ၊ နှစ်နိုင်ငံစစ်ဘက်နည်းပညာများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေး ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ်တံဆိပ်(Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင် (Mascot)များ အသုံးပြုခွင့်အား ထပ်မံအသိပေးကြေညာခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အထိမ်းအမှတ်တံဆိပ်(Logo)နှင့် အထိမ်းအမှတ်လာဘ်ကောင်(Mascot)များကို အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးသော ကုမ္ပဏီများသိစေရန်မှာ SEA Games လှုံ့ဆော်ရေးပိုစတာ(Billboard)များအလိုက် စိုက်ထူချိတ်ဆွဲသည့် အရွယ်အစား၏ လေးပုံသုံးပုံအား Logo, Mascot ပုံများပါဝင်သည့် အားကစားလှုံ့ဆော်ရေး ဒီဇိုင်းပုံများကိုသာ ထည့်သွင်းဖော်ပြကြရန်ဖြစ်ပြီး ကျန်လေးပုံတစ်ပုံကိုသာ ကုမ္ပဏီ၏ အမှတ်တံဆိပ်များအား ထည့်သွင်းဖော်ပြကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဟု အားကစားဝန်ကြီးဌာနက ထပ်မံအသိပေးကြေညာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥတုရာသီ
တောကိုမှီ၏








# ခေတ်မီတဲ့ကျောင်းနှင့် ကျောင်းဆရာ

ဒေါက်တာမောင်သင်း(မိတ္ထီလာတက္ကသိုလ်)

ပညာရေးနဲ့ကျောင်းဆရာဟာ ရုပ်နဲ့နာမ်လိုပါပဲ၊ တစ်ခုနဲ့တစ်ခု ခွဲ၍မရပါ၊ ရုပ်ဆီမှာ နာမ်တွဲနေမှ သက်ရှိသတ္တဝါဆိုတာဖြစ်တာပါ။ ပညာရေးကိုအကောင်အထည်ဖော်တာက ကျောင်းဆရာ။ ကျောင်းဆရာနဲ့ ပညာရေးတွဲမှ လူ့အဖွဲ့အစည်း ရှင်သန်တိုးတက်မှာ။ ပညာရေးဟာ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်ကို ပုံဖော်တဲ့လုပ်ငန်းမို့ ပညာရေးကို အကောင်အထည်ဖော်တဲ့ ကျောင်းဆရာကလည်း ခေတ်ရှေ့ကိုပညာစွမ်းအားနဲ့ ကြိုကြည့်နိုင်တဲ့ ဉာဏ်ပညာအမြင်ရှိရပါမယ်။ ဆရာရဲ့ဉာဏ်ပညာဟာ ခေတ်နဲ့အပြိုင်ပြေးနေပြီး ခေတ်မီပညာရေးကို အကောင်အထည်ဖော်နိုင်စွမ်းလည်းရှိရပါလိမ့်မယ်။ ဒါမှ သူတို့လေ့ကျင့်ပေးလိုက်တဲ့ အနာဂတ်မျိုးဆက်သစ် တပည့်တွေဟာ ကမ္ဘာနဲ့ယှဉ်နိုင်စွမ်းရှိတဲ့ လူသားအရင်းအမြစ်တွေဖြစ်မှာ။ အဲဒီလိုတန်ဖိုးရှိ လူသားတွေ ပေါ်ကွယ်ဝတဲ့ လူ့ဘောင်ဟာလည်း ဂုဏ်သိက္ခာမြင့်ပြီးရင်း မြင့်၊ တက်ပြီးရင်း တက်နေကာ ကမ္ဘာမှာ မော်ကြွားနိုင်တဲ့အဆင့် ရောက်ကြတာပါ။

**ယနေ့ ပညာခေတ်မှာ စာမတတ်သူဆိုတာ သတင်းအချက်အလက်နည်းပညာ(ICT)အသုံးမချတတ်တဲ့သူပါ။** ပညာခေတ်ရဲ့ "အ" သုံးလုံးကြေညက်သူဆိုတာ အင်တာနက်ကိုသုံးပြီး ကမ္ဘာ့ပညာရေးအမြင်နဲ့ ဦးတည်ရာလမ်းကြောင်းကို လေ့လာမှတ်သားပြီး ကိုယ့်ကျောင်း၊ ကိုယ့်စာသင်ခန်းဆီထိယူလာကာ ကျောင်းကိုဖွံ့ဖြိုးအောင် အသုံးချတတ်ဖို့ပါ။ ပြီးတော့ အီးမေးလ်(email)အသုံးပြုပြီး အတွေ့ကြုံရှိတဲ့ နိုင်ငံတကာပညာရေး ပညာရှင်တွေဆီ ဆက်သွယ်ပြီး အကြံဉာဏ်တောင်းနိုင်ရပါလိမ့်မယ်၊ အင်တာနက်ထဲရှာကြည့်ရင် ပညာရှင်တွေရဲ့ လိပ်စာတွေ၊ Website တွေအများကြီးပါ၊ အဲဒါတွေသုံးနိုင်ဖို့ ကမ္ဘာသုံးဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်စာလည်း ကျွမ်းကျင်စွာ တတ်ရပါမယ်။ ရွာကကျောင်းတွေဆီ ကွန်ပျူတာလည်းမရှိ၊ အင်တာနက်ဆိုတာဝေးလို့ဆိုပြီး ဆင်ခြေပေးနိုင်ပါတယ်။ ရုပ်ဝတ္ထုက ကျောင်းဆရာတွေရဲ့ အရည်အသွေးကို တိုးတက်အောင်မပြုပြင်နိုင်ပါ။ အဓိကရှိရမှာက ကျောင်းဆရာတွေရဲ့ **"သင်ယူလိုတဲ့စိတ်ဆန္ဒ"**ပါ။ ဆရာ ဆရာမတို့ လုပ်ငန်းခွင်မဝင်မီသင်တန်းတွေ၊ ပြီးတော့ အလုပ်ထဲဝင်ပြီးရင် မွမ်းမံသင်တန်းတွေတက်ရတဲ့အခါနဲ့ လစာငွေလာထုတ်ရတဲ့မြို့ကြီး တော်တော်များများမှာ အင်တာနက်ကဖေးတွေရှိပါတယ်။ သုံးလို့ဖြစ်ပါတယ်။ ပညာခေတ်မှာ ICT နဲ့ အင်္ဂလိပ်စာ ကျွမ်းကျွမ်းကျင်ကျင်တတ်မှ စာတတ်တာမို့ **"ခေတ်သစ်အသုံးလုံးကြေ"** ဆရာ ဆရာမတွေဖြစ်ကြရပါမယ်။

ယနေ့နိုင်ငံတကာသုံးသင်ကြားနည်းစနစ်က **"ကလေးဗဟိုပြုချဉ်းကပ်နည်း"** (CCA=Child Centered Approach)ပါ။ ဆရာက စာအုပ်ကိုင်ဖတ်ပြ၊ ရှင်းပြ၊ ဒါကြည့်၊ ဒါဖတ်ပြီးတော့ အချိန်ပြည့်ရင် စာအုပ်ပိတ်၊ အိမ်က အလွတ်ကျက်ခဲ့ဆိုတာမျိုး မဟုတ်ပါ။ ယခုနည်းဟာ ဖတ်စာအုပ်ကို အကူကရိယာအဖြစ်ထားပြီး ကလေးရဲ့ဉာဏ်ရည်၊ ဉာဏ်သွေးနဲ့ ကိုယ်စွမ်းကိုယ်စတက်လာအောင် ပြုပြင်တာပါ။ အနာဂတ် လူ့အဖွဲ့အစည်းအတွက် ကောင်းအောင် ကြိုပြင်နိုင်စွမ်း ရှိသူများဟာ ဆရာတွေပါပဲ။ လူ့တန်ဖိုးဟာ စာအုပ်ထဲက သင်ခန်းစာတွေကို အလွတ်ကျက်လို့ရတဲ့ စာမေးပွဲရမှတ်တွေ မဟုတ်ပါ။ ဗလငါးတန်တက်လာအောင်၊ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းပါ။

ယနေ့သင်ကြားနည်းဟာ ဆရာရဲ့ အချုပ်အချယ်၊ အကန့်အသတ်ခံဘဝနဲ့ စာသင်ရတဲ့ကလေးတွေထက် လွတ်လပ်မှုကို အပြည့်ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမရဲ့ ဖေးမကူညီမှုနဲ့ သင်ကြားခဲ့ရတဲ့ ကလေးတွေက ရေရှည်မှာ ပိုမိုဖွံ့ဖြိုးအောင်မြင်ကြောင်း ပညာရှင်တွေရဲ့ လေ့လာမှုအရ သိရပါတယ်။ ကိုယ်စွမ်းကိုယ်စကို ပိုထုတ်နိုင်စွမ်းရှိလို့ပါ။ ကလေးတွေကို စည်းကမ်းတကျ လွတ်လပ်စွာ တွေးခေါ်၊ ပြောဆိုနေထိုင်တတ်အောင် လေ့ကျင့်ပေးနိုင်မှသာ ခေတ်မီပညာရေးရဲ့ ဆရာအရည်အသွေးကို ပိုင်ဆိုင်သူပါ။

စီစီအေချဉ်းကပ်နည်းဆိုတာ ကလေးတွေကိုခိုင်းဖို့ပါ။ တို့ကျောင်းဆရာတွေက ဘာမှလုပ်စရာမလိုဘူးဆိုတဲ့ အတွေးမှား၊ အမြင်မှားပယ်ဖို့ပါပဲ။ ဒီနည်းက ဆရာတွေမှာပိုပြီး တာဝန်ရှိတာပါ။ ဆရာကပိုပြီး အလုပ်ကို လုပ်ကြရပါတယ်။ ကလေးတွေနဲ့အတူ ပူးပေါင်းဆွေးနွေးခြင်းပါ။ ကလေးရဲ့တွေးခေါ် မြော်မြင်နိုင်စွမ်း၊ ခွဲခြား စိတ်ဖြာနိုင်စွမ်း၊ တီထွင်နိုင်စွမ်းနဲ့ အလုပ်တစ်ခုကို မိမိကိုယ်တိုင် စတင်အကောင်အထည်ဖော်နိုင်စွမ်းရှိတဲ့ ဉာဏ်ရည်ဉာဏ်သွေး (initiative power) ပေါ်ထွက်ရန်နဲ့ တာဝန်သိစိတ်၊ တာဝန်ယူစိတ်များရှိလာအောင် ဆရာက ကလေးနဲ့အတူလိုက်၍ လေ့ကျင့်ပေးခြင်းပါ။ ကလေးတွေကို လွှတ်ချင်သလို လွှတ်ထားတာမျိုး မဟုတ်ပါ။ ဦးဆောင်နိုင်စွမ်း အရည်အသွေးပေါ်ထွက်လာဖို့ပါ။ ယနေ့ကျွန်တော်တို့ သင်ကြားလေ့ကျင့်ပေးနေတဲ့ ဆရာဗဟိုပြုစနစ်ရဲ့ ရလဒ်ကြောင့် ကလေးတွေဟာ ခိုင်းမှလုပ်၊ ပြောမှလုပ်ဆိုတဲ့ အခိုင်းခံအညံ့စားအရည်အသွေးတွေပဲ ရှိနေပါတယ်။ အဲဒါတွေ ပပျောက်သွားအောင် လေ့ကျင့်ပေးနိုင်တာက စီစီအေ အချဉ်းကပ်နည်းပါ။

စီစီအေကို အကောင်အထည်ဖော်ရာမှာ ဆရာ ဆရာမရဲ့ တီထွင်ဖန်တီးနိုင်စွမ်းရှိမှုဆိုတဲ့ skill မြင့်မားမှုက အခရာပါ။ဈေးကြီးတဲ့ သင်ထောက်ကူပစ္စည်းတွေကို မှီရမယ့် စနစ်မဟုတ်ပါ။ မိမိဝန်းကျင်မှာရှိတဲ့ အရင်းအမြစ်များကို ကုန်ကျစရိတ်နည်းနည်းနဲ့ တီထွင်လုပ်ဆောင်ပြီး လေ့ကျင့်သင်ကြားနိုင်ဖို့က အဓိကပါ။ အဲဒါမျိုးကိုပဲ တိုးတက်တဲ့ ဂျပန်မှာသုံးပြီး CCA ကို အကောင်အထည်ဖော်ခဲ့တာ အောင်မြင်ခဲ့ပါတယ်။ တကယ်တော့ စီစီအေနည်းဟာ ပစ္စည်းရှိမှ၊ ဆရာတပည့်အချိုးကောင်းမှ လုပ်နိုင်မယ်ဆိုတဲ့ တွန့်ဆုတ်စိတ်ဓာတ်မျိုး မွေးပေးလေ့ကျင့်ပေးရန် မဟုတ်ပါ။ "ရှိနေတဲ့ အခြေအနေမှာ အကောင်းဆုံးတီထွင်နိုင်စွမ်း အရည်အသွေးတွေ ကလေးတွေဆီမှာ ပြည့်ဝလာအောင် လေ့ကျင့်ပေးခြင်း"ဆိုတာပါ။ အဲဒါကို ဆရာတွေရဲ့ လုပ်ချင်ကိုင်ချင်စိတ်နဲ့ ကျွမ်းကျင်မှုပေါင်းစပ်အကောင်အထည်ဖော်မှုသည်သာ အဓိကပါ။

မိမိအလုပ်ကို ဘယ်လိုကောင်းအောင် လုပ်မယ်။ တီထွင်ကြံဆလုပ်မယ်ဆိုတဲ့ ကလေးတွေရဲ့ဗီဇကောင်းတွေ ပွင့်လန်းလာအောင် ဆွဲထုတ်လေ့ကျင့်ပေးနိုင်တဲ့ ကျောင်းမှ ခေတ်မီတဲ့ကျောင်းပါ။ ယနေ့ကျွန်တော်တို့ဆီ ကလိုဗီဇကောင်းတွေ ပျောက်သွားအောင် ကလေးတွေကို ကျောင်းစာနဲ့ ဖိသတ်နေတဲ့ကျောင်းမျိုးမဟုတ်ပါ၊ အတန်းရဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတစ်ခုကို ဆောင်ရွက်စရာရှိတိုင်း "ဆရာက မောင်ဖြူလုပ်လိုက်" ဆိုတဲ့ ဆရာ့ခိုင်းစေမှုတို့အစား အလုပ်ရဲ့အကြောင်းကိုအရင်ရှင်းပြရပါမယ်။ ပြီးတော့မှ "မင်းတို့ ဒီအလုပ်ကို လုပ်နိုင်တယ်ဆိုတာ ဆရာသိတယ်၊ "ဘယ်သူလုပ်မလဲ"လို့ ဆရာက မေးရပါလိမ့်မယ်။ ကလေးတွေ အားပါးတရဖြေကြပါလိမ့်မယ်။ "ကျွန်တော်လုပ်မယ်၊ ကျွန်မလုပ်မယ်"၊ **ဤသည်မှာ ကလေးများရဲ့ တာဝန်ယူလိုတဲ့ဗီဇကောင်းကို နှိုးဆွပေးလိုက်ခြင်းပါ။** ပြီးတော့မှ ဒါလူအများကြီးမလိုဘူး၊ တစ်ယောက်ပဲလိုတယ်။ "ဒါဆိုရင် မင်းတို့ထဲက ဘယ်သူနဲ့အသင့်တော်ဆုံးလို့ ထင်သလဲ" လို့မေးတဲ့အခါ "ဟိုလူဖြစ်သင့်တယ်၊ ဒီလူနဲ့သင့်တယ် စသည်ဖြင့် သူတို့အမြင်တွေကိုပြောကြပါလိမ့်မယ်။ ဒါမှမဟုတ် တစ်ခါတစ်ရံမှာ "လုပ်နိုင်သူတစ်ယောက်တည်းကို ဝိုင်းညွှန်းပါလိမ့်မယ်။ **ဟိုလူသင့်တယ်၊ ဒီလူဖြစ်သင့်တယ်ဆိုတာက မိမိရဲ့ဆန္ဒကိုထုတ်ဖော်တတ်၊ ပြောရဲတဲ့အလေ့အကျင့်ကောင်းရလာအောင်လေ့ကျင့်ပေးတာပါ။ တစ်ယောက်တည်းကို ဝိုင်းပြောကြတာဆိုရင်တော့ အကောင်းဆုံးကိုယ်စားလှယ်ကို ရွေးတတ်တဲ့လေ့ကိုပါ လေ့ကျင့်ပြီးသားဖြစ်သွားပါတယ်။** ဒီနေရာမှာ အားလုံးကဝိုင်းထောက်ခံတဲ့သူဟာ **"တကယ်အလုပ်လုပ်နိုင်တဲ့သူ ဖြစ်ရမယ်"** ဆိုတာတော့ ဆရာကမရွေးမီ ကူညီရှင်းပြရပါလိမ့်မယ်။

အဲဒီလိုပါပဲ "စာသင်ခန်းသန့်ရှင်းရေးကိစ္စ"ဆိုရင်လည်း ကိုယ့်အိမ်၊ ကိုယ့်အခန်း၊ ကိုယ့်စာကြည့်စားပွဲရဲ့ သန့်ရှင်းမှုကို တာဝန်ယူတတ်မှ တကယ့်လူတော်ဆိုတဲ့ အသိကို ကလေးတွေရဲ့ ရင်ထဲ၊ နှလုံးထဲလက်ခံသွားအောင် ဆရာကအရင်ရှင်းပြရပါမယ်။ ပြီးတော့မှ "ကိုယ့်စာသင်ခန်းသန့်ရှင်းအောင် ဘာတွေလုပ်ကြရင်ကောင်းမလဲ" ဆိုတဲ့ သူတို့ဆီက အကြံဉာဏ်တွေဆွဲထုတ်တဲ့ မေးခွန်းတွေမေးဖို့လိုပါတယ်။ ဆရာကဘယ်သူတွေ ဘယ်လိုလုပ်လိုက်ကြဆိုတာဟာ ခိုင်းတဲ့သဘောဖြစ်ပြီး သန့်ရှင်းရေးကိစ္စတော့ပြီးသွားမယ်၊ ဒါပေမယ့် ကလေးတွေရဲ့ **"အလုပ်ကို တာဝန်ယူလိုစိတ်ပေါ်ထွက်လာအောင်"**ဆိုတဲ့ ပညာရေးရဲ့ရည်မှန်းချက်ဆိုတာမပါလာပါ။ ကလေးတွေရဲ့ တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ်အခြေခံတဲ့ လုပ်ဆောင်ချက်တွေကြောင့် သန့်ရှင်းသွားတာမှ ကလေးတွေကို လေ့ကျင့်ရခြင်း၏ပညာရေးရည်မှန်းချက်အောင်မြင်တာပါ။ စာသင်ခန်းသန့်ရှင်းတာက အလေ့အကျင့်ခံလုပ်ငန်းဆိုတာကို ယနေ့ကျောင်းဆရာတွေ သတိထားရပါမယ်။ အဲဒါနဲ့အတူ တို့ဆရာက တို့ရဲ့အကြံဉာဏ်ယူတယ်ဆိုတာကို ကလေးတွေသိရှိပြီး ဂုဏ်ယူနိုင်ဖို့ပါ။ အဲဒါရဲ့ရလဒ်က သူတို့ရဲ့အကြံဉာဏ်ကို အကောင်အထည်ဖော်တာပါဆိုတာသိထားလေတော့ ဆရာခိုင်းလို့လုပ်ရတဲ့အလုပ်လို့ ကလေးတွေမခံယူတော့ပါ။ **အလုပ်ကို သူများခိုင်းမှ လုပ်တာမျိုးမဟုတ်ဘဲ ကိုယ့်တာဝန်ကိုတွေ့အောင်ရှာပြီးလုပ်ရမယ်ဆိုတဲ့ မိမိကိုယ်ကိုတာဝန်သိပြီး တာဝန်ယူတတ်တဲ့အကျင့်ကောင်းစွဲမြဲအောင် သန့်ရှင်းရေးကို အလေ့ကျင့်ခံအလုပ်အဖြစ်ထားပြီး လေ့ကျင့်စေတာပါ** ဆိုတာကို ဆရာဆရာမများအမြဲသတိချပ်ရပါလိမ့်မယ်။ အဲဒီစိတ်ဓာတ်ဟာ ကလေးတွေအပေါ် ကျွန်တော်တို့မျှော်မှန်းသော နိုင်ငံကြီးသား၊ ဒီမိုကရေစီနိုင်ငံသားများမှာ ရှိရမယ့်စိတ်ဓာတ်ပါ။ ထိုလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ကလေးများ၏ ဆွေးနွေးမှုများမှာ မတူသော အကြံဉာဏ်များရှိလာရင် ဆရာက စိတ်ရှည်ရှည်နဲ့ ဓမ္မဓိဋ္ဌာန်ကျကျ ညှိနှိုင်းပေးရမယ်။ ကျောင်းသား ကျောင်းသူများ အခက်အခဲများရှိလာရင် ဆရာက ကလေးများရဲ့ အတိုင်ပင်ခံ၊ အကြံဉာဏ်ပေးသူအဖြစ် ကလေးများကို နည်းလမ်းညွှန်ပေးနိုင်ရပါလိမ့်မယ်။ အဲဒီလို လုပ်ဆောင်နိုင်ရန် စာပေဗဟုသုတကြွယ်ဝဖို့လိုအပ်တာမို့ ခေတ်မီကျောင်းဆရာဆိုတာ **"စာပေလေ့လာမှုတွင် ဝါသနာထုံသူ"** ပျော်မွေ့သူတွေဖြစ်ကိုဖြစ်နေရပါမယ်။ CCA ဖြင့် လေ့ကျင့်တဲ့ဝန်းကျင်ဟာ သင်ယူမှုကို ကလေးတွေ ပျော်မွေ့တဲ့ ပညာရေးရပ်ဝန်းပေါ်ထွန်းလာခြင်းပါပဲ။ စာသက်သက်သာသင်တဲ့ ငြီးငွေ့စရာစာသင်ကျောင်းမဟုတ်တော့ဘဲ **"ကျောင်းဆိုတာ သူတို့ရဲ့နေ့စဉ် ပျော်စရာအရပ်"**လို့ ကလေးတွေမြင်လာ၊ လက်ခံလာအောင် လေ့ကျင့်ပေးနိုင်တဲ့ဆရာမှ နိုင်ငံတကာအဆင့်မီတဲ့ ကျောင်းဆရာပါ။

ထို့အတူ ကျွန်တော်တို့ရဲ့ အမျိုးသားပညာရေးဟာ **"မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်စွမ်းရှိတဲ့ပညာရေး"** (ESD=Education for sustainable development) ဖြစ်မှသာလျှင် (၂၁)ရာစုရဲ့ ခေတ်မီတဲ့ ပညာရေးပါ။ ခေတ်မီတယ်ဆိုတာ မိမိရဲ့ပိုင်ဆိုင်ပြီးသား ကောင်းမွန်တဲ့ **"အမျိုးသားစိ"**နှင့် **"သဘာဝပတ်ဝန်းကျင်"**ကို ပျက်စီးထိခိုက်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်စွမ်းရှိမှသာ "ခေတ်မီ"တာပါ။ ဆိုလိုချင်တာက **"နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံရဲ့ယဉ်ကျေးမှုကို ဝင်ရောက်ထိုးဖောက်ဖျက်ဆီးလာမှုအား ကြံ့ကြံ့ခံတွန်းလှန်နိုင်ကာ မိမိရဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်နိုင်ပြီးမြှင့်တင်နိုင်စွမ်းရှိအောင် လေ့ကျင့်သင်ကြားပေးနိုင်တဲ့ ပညာရေးမျိုး"**ဟာ ယနေ့နိုင်ငံတကာသုံးနေတဲ့ ESD ပညာရေးပါပဲ။

**စာမျက်နှာ ၁၁ သို့** ❖

ယနေ့သင်ကြားနည်းဟာ ဆရာရဲ့ အချုပ်အချယ်၊ အကန့်အသတ်ခံဘဝနဲ့ စာသင်ရတဲ့ကလေးတွေထက် လွတ်လပ်မှုကို အပြည့်ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမရဲ့ ဖေးမကူညီမှုနဲ့ သင်ကြားခဲ့ရတဲ့ ကလေးတွေက ရေရှည်မှာ ပိုမိုဖွံ့ဖြိုးအောင်မြင်ကြောင်း ပညာရှင်တွေရဲ့လေ့လာမှုအရ သိရပါတယ်။ ကိုယ်စွမ်းကိုယ်စကို ပိုထုတ်နိုင်စွမ်းရှိလို့ပါ။ ကလေးတွေကို စည်းကမ်းတကျ လွတ်လပ်စွာ တွေးခေါ်၊ ပြောဆိုနေထိုင်တတ်အောင် လေ့ကျင့်ပေးနိုင်မှသာ ခေတ်မီပညာရေးရဲ့ ဆရာအရည်အသွေးကို ပိုင်ဆိုင်သူပါ။

# အရှိန်လွန်ကားချောက်ထဲကျ ယာဉ်မောင်းသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းနိုင်ဦးသည် ဇေယျာသီရိမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးတွင် နိုဝင်ဘာ ၁၉ ရက်က တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ယာဉ်တစ်စီး အရှိန်လွန်၍ ချောက်ထဲကျနေကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ ယင်းနေ့ နံနက် ၃ နာရီက ဇေယျာသီရိမြို့နယ် နန်းဩကျေးရွာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် (၂၆၁/၅)နှင့် (၂၆၁/၆)ကြားတွင် တပ်ကုန်းမြို့ဘက်မှ ပျဉ်းမနားမြို့ဘက်သို့ ယာဉ်မောင်းဝင်းမြင့်အောင် (၄၂)နှစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၁၉/--- Fuso Express စီးလုံးငှားယာဉ်သည် အရှိန်လွန်၍ လမ်း၏ ဝဲဘက်ချောက်ထဲသို့ကျပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ နေပြည်တော် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းတို့ ရောက်ရှိလာပြီး ချောက်ထဲတွင် တိမ်းမှောက်နေသောယာဉ်အား ကရိန်းစက်ဖြင့် သယ်ဆောင်မှုပြုခဲ့ရာ နံနက် ၈ နာရီတွင် မူလကားလမ်းပေါ်သို့ရောက်ရှိ၍ ယာဉ်တိမ်းမှောက်မှုကြောင့် ခြောက်ဘီးယာဉ် ရှေ့ဦးခေါင်းပိုင်းပျက်စီးသွားခဲ့ရာ ယာဉ်မောင်းဝင်းမြင့်အောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်ပေါ်ပါခရီးသည် ၄၀ အနက် ၁၁ ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့၍ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ တင်ပို့ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းနိုင်ဦးက တရားလိုပြုလုပ်၍ ရွှေတွင်းကုန်းမြို့မရဲစခန်းသို့တိုင်တန်းရာ ရဲစခန်းမှအမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကိုကိုနေ-ပျဉ်းမနား)**



# အတိတ်ရှိတဲ့လူမျိုး သမိုင်းရှိသော လူမျိုးဖြစ်ကြောင်း ဖော်ထုတ်ပြသသော ကေတုမတီ(တောင်ငူ)

သတင်းအင်တာဗျူး-ရဲခေါင်သွင်နှင့်
ဓာတ်ပုံ-ဖိုးထောင်

**ကေတုမတီ(တောင်ငူ)သည် မြန်မာ့သမိုင်း၏ အဓိကကျသော ကွင်းဆက်ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့ အပြားမည်သည့်နေရာတွင်ပင်ကြည့်ကြည့် မြန်မာတို့၏အတိတ်ရှိခဲ့သည်။ သမိုင်းရှိခဲ့သည်။ မြန်မာလူမျိုးတို့သည် သမိုင်းအစဉ်အလာရှိသော လူမျိုးအဖြစ်ကမ္ဘာ့အလယ်တွင် ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့သည်။ ထို့အတူ ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်ရာတွင် ကေတုမတီ(တောင်ငူ)သည် မြန်မာ့သမိုင်း၏ အဓိကကွင်းဆက်အခန်းကဏ္ဍအဖြစ်ပါဝင်လျက်ရှိသည်။**

“ကျုံးနှစ်ထပ်ရှိတဲ့မြို့၊ မြို့တည်နှစ် ၅၀၃ နှစ်ရှိပြီဖြစ်တဲ့မြို့၊ သမိုင်းက တစ်ဖန်ရှန်းထလာတဲ့မြို့၊ လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော အုပ်စိုးသူတွေနေထိုင်တဲ့မြို့၊ စာပေတစ်ခေတ် သမိုင်းတွင်တဲ့မြို့၊ မြန်မာတို့ရဲ့သမိုင်းကို ချိတ်ဆက်ပေးမယ့်မြို့၊ ဒါဟာကေတုမတီခေါ် တောင်ငူမြို့” ဟု တောင်ငူဒေသခံများ ဂုဏ်ယူလာနိုင်ရန်နှင့် ဇာတိမြေချစ်စိတ်မှသည် တိုင်းနိုင်ငံချစ်စိတ်အထိ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည်နှစ် ၅၀၀ ပြည့်သည့်နှစ်မှ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ လေးနှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်သည်။



ဒေါက်တာမာမာဝေ

တောင်ငူသမိုင်းအစသည် ကြခတ်ဝရာမြို့ဖြစ်ပြီး အုတ်တွင်းမြို့နယ် သပြေကုန်းကျေးရွာအနီးတွင် ရှိသည်။ ပုဂံပြည့်ရှင် နရပတေ့စည်သူမင်း၏သားမက် ရန်မာန်ငထွေး၊ (အနန္တသူရိယ)၏မြစ်တော်များဖြစ်သော သဝန်ကြီး၊ သဝန်ငယ်တို့သည် မြန်မာသက္ကရာဇ် ၆၄၁ ခုနှစ်တွင် ကြခတ်ဝရာမြို့ကို တည်ထောင်ခဲ့သည်။

တောင်ငူမင်းဆက်၏ ၂၉ ဆက်မြောက်ဘုရင်မင်းကြီးညိုသည်မြန်မာသက္ကရာဇ်၈၇၂ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ကေတုမတီ (တောင်ငူ)ကို စတင်တည်ထောင်ခဲ့သည်။ တောင်ငူမြို့ကို တည်ထောင်ရာတွင် ညွန့်ကျုံးရေကျုံး နှစ်ထပ်၊ နန်းတောင်ပတ်လည်တွင် ရေကျုံးတစ်ထပ်၊ မြို့တံခါး ၂၀၊ သိမ် ၂၀၊ မြို့ထောင့်စေတီ လေးဆူ၊ တန်ဆောင်းပြအိုး ၁၀၉ ခုတို့ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေါက်တာမြသောင်းရေးသားသော ကေတုမတီ(တောင်ငူ) မြို့တည်၊ နန်းတည်သမိုင်းတွင် ပါရှိသည်။

ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် ၅၀၃ နှစ်ပြည့်သော ကာလ ယခုနှစ်တွင် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်၍ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအား ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီသည် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော သာသနိက အဆောက်အအုံများ၊ ကျုံးများ၊ မြို့ရိုးများအား မှတ်တမ်းတင်ကာ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်ဟု တောင်ငူမြို့ခံ ဦးမြင့်ညိုထံမှ သိရသည်။

သမိုင်းဝင် ကေတုမတီ(တောင်ငူ)အား သမိုင်းပညာရှင်များ၊ မြို့ခံ



ဒေါက်တာမြသောင်း

ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ တောင်ငူ၏ ရှေးဟောင်း ယဉ်ကျေးမှုများနှင့် သမိုင်းကို ဖော်ထုတ်လျက်ရှိရာ မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာ မာမာဝေ (မြန်မာစာ ပါမောက္ခ(ငြိမ်း) တောင်ငူတက္ကသိုလ်) (တောင်ငူမြို့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီအတွင်းရေးမှူး)**

“တောင်ငူဟာ စာပေခေတ်ထဲမှာ တစ်ခေတ်ပါတယ်။ သမိုင်းကြောင်း အရလည်း ထင်ရှားတယ်။ မြန်မာစာပေသမားအားလုံးအတွက်သာမက သမိုင်းပညာရှင်များအတွက်ပါ တန်ဖိုးထားရတဲ့မြို့ပါ။ တောင်ငူမြို့ကို တည်ထောင်ခဲ့တဲ့ မဟာသီရိဇေယျသူရဘွဲ့ခံ မင်းကြီးညိုကို ဂုဏ်ပြုလိုတာရော၊ တောင်ငူကပေးတဲ့ မင်းအမွေအနှစ်တွေကိုပါ နောင်လာနောက်သားတွေ ဆက်ခံထိန်းသိမ်းစေချင်တဲ့ စေတနာနဲ့ တောင်ငူမြို့သား CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်ရေးကော်မတီကို ဦးဆောင်ဖွဲ့စည်းထားပါတယ်။ တောင်ငူမြို့တည် နန်းတည် နှစ် ၅၀၀ ပြည့်တဲ့ ၂၀၁၀ ခုနှစ်မှစပြီး နှစ်တိုင်း မြို့တည်နန်းတည် အထိမ်းအမှတ်ပွဲများကို CB ဘဏ်ဥက္ကဋ္ဌကပဲ ဦးဆောင်ကျင်းလာတာ ယနေ့အထိပါပဲ။ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းတာလည်း ရည်ရွယ်ချက်နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ချက်က လက်ရှိမြင်တွေ့နေရတဲ့ ရုပ်ဝတ္ထုပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ ဒုတိယတစ်ချက်က မမြင်ရတဲ့တိမ်မြုပ်နေတဲ့ သမိုင်းစာပေတွေကို ဖော်ထုတ်ပေးနိုင်ဖို့ပါ။ ပြတိုက်နဲ့ယှဉ်တွဲနေတဲ့ စာကြည့်တိုက်တစ်ခု



ဦးမြင့်ညို

ဖွင့်လှစ်သွားဖို့လည်း စီစဉ်နေပါတယ်။ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်အောင် ခရီးသွားနယ်မြေ Resource အဖြစ် ဖန်တီးဖို့ လုပ်ငန်းပိုင်းအရ ဆောင်ရွက်နေတာတွေရှိပါတယ်။ တောင်ငူသမိုင်းကို ဖော်ထုတ်ပြီး စိတ်ဓာတ်အမွေကောင်းတွေ ပေးနိုင်မယ်။ ရှိပြီးသား ရှေးဟောင်း အမွေအနှစ်တွေကို ဖော်ထုတ်ပြီးဖြစ်သလို နောက်ထပ်ဖော်ထုတ်နိုင်မယ်ဆိုရင် မြန်မာလူငယ်တွေ ဇာတိချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ပိုမိုအားကောင်းလာမှာပါ။”

**ဒေါက်တာမြသောင်း(ဆေးရုံအုပ်ကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံ) မြသောင်း(ကေတုမတီ)**

“တောင်ငူဆိုတာ ပုဂံမင်းဆက်ရဲ့အနွယ်တွေပါ။ ပထမဆုံး တောင်ငူတည်ထောင်တဲ့ သဝန်ကြီး၊ သဝန်ငယ်ဆိုတာ နရပတေ့စည်သူမင်းရဲ့မြစ်တွေပါ။ နောက်တောင်ငူဘုရင်ဘုရင့်နောင်ရဲ့သားငယ် ညောင်ရမ်းမင်းသားဆိုလည်း ညောင်ရမ်းမင်းဆက်ကို တည်ထောင်တာ။ ဒီတော့ ပုဂံ၊ တောင်ငူ၊ ညောင်ရမ်းဆိုတာ ဆက်စပ်မှုရှိတယ်။ တောင်ငူဟာ ရာဇဝင်ထဲက ထုတ်လို့မရတဲ့မြို့ပါ။ တောင်ငူဟာ သမိုင်းရဲ့ကွင်းဆက်၊ တောင်ငူမရှိရင် ဗမာမဖြစ်ဘူး၊ ပုဂံပြီးရင် တောင်ငူပဲ၊ ခရစ်နှစ် ၁၅၁၀ ခုနှစ်မှာ ကေတုမတီ(တောင်ငူ)ကို မင်းကြီးညိုတည်ထောင်တယ်။ မင်းကြီးညို တည်ထောင်ခဲ့တဲ့ ကေတုမတီ(တောင်ငူ)နန်းတော်ရာက ယခုတောင်ငူ အထက(၂)နဲ့ ဗိုလ်ဖိုး ကွန်းလမ်းမကြီးပေါ်မှာ ရှိတယ်၊ နန်းတော်ရာနဲ့ပတ်သက်ပြီး ကျုံးနှစ်ထပ်ယခုတိုင် ရှိသေးတယ်။ သမိုင်းစာအုပ်ထဲမှာလည်း ကျုံးနှစ်ထပ်ပဲ။ နန်းတော်ပတ်လည်မှာလည်း ကျုံးတစ်ထပ်ရှိတယ်။ အဲဒါကတော့ ပျောက်သွားပြီ။ အပြင်ကျုံးက တော်တော်များများကျန်သေးတယ်။ တောင်ငူဟာ သမိုင်းကြောင်းအရ ၁၂၇၉ ခုနှစ်မှာ စတည်တာဆိုတော့ ပင်းယ၊ အင်းဝ ထက်စောတယ်။ တောင်ငူမြို့ နန်းတော်လို့ သတ်မှတ်ထားတဲ့ နေရာမှာ Old Palace ဆိုပြီးတော့ အင်္ဂလိပ်မြေတိုင်း အမှတ်အသားရှိတယ်။ အဲဒီနေရာကို အမျိုးသားကျောင်း (National School) ဆောက်ထားတာ အခုတော့ အထက(၂) ပေါ့၊ အခုပညာရေးကောလိပ်ကတော့ မြို့ရိုးပေါ်မှာဆောက်ထားတာ၊ အင်္ဂလိပ်လက်ထက်ကတော့ ရှိမန်ကတ်သလစ်ကျောင်းပေါ့၊ တောင်ငူမြို့ရိုးတွေမှာ အုပ်ချပ်ကြီးတွေက ၁၈ လက်မ၊ ကိုးလက်မ၊ သုံးလက်မဒု ရှိတာကို တွေ့ရတယ်။

တောင်ငူခေတ်မှာ ထူးခြားတာက တောင်ငူကြီးကို ဧည့ဝတီလို့ မှည့်တယ်။ တောင်ငူငယ်၊ မြဝတီ၊ ဒွါရဝတီ၊ ကေတုမတီဆိုပြီးတော့ အစဉ်အတိုင်း။ နန်းတော်နဲ့ မြို့တွေကို ပြောင်းရွှေ့တည်ထောင်ခဲ့တာ တွေ့ရတယ်။ ကေတုမတီ (တောင်ငူ)မှာ မြို့တည် နန်းတည်နှစ် အထိမ်းအမှတ်လုပ်ဖြစ်တာကတော့ မျိုးဆက်သစ်တွေက သမိုင်းကို မသိကြဘူး။ ကျွန်တော်တောင် သမိုင်းကို ဝါသနာပါလွန်းလို့ ကျွန်တော့်အလုပ်နဲ့သမိုင်းက ဆက်စပ်မှုမရှိဘူး။ တောင်ငူဟာ သမိုင်းကွင်းဆက်အတွက် အရေးပါတယ်။ ဖော်ထုတ်ဖို့ လိုမယ်ထင်လို့ CB ဘဏ်ဥက္ကဋ္ဌဦးဆောင်ပြီး တောင်ငူနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းတွေ ပြန်လည်စုဆောင်းနေတာပါ။

**ဦးမြင့်ညို(တောင်ငူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ)**

“တောင်ငူမြို့တည် နန်းတည် နှစ် ၅၀၀ ပြည့် စလုပ်ကတည်းက မြို့တည် နန်းတည်ဦးစီးကော်မတီထဲမှာ ထဲထဲဝင်ဝင်လုပ်ခဲ့ပါတယ်။ တောင်ငူဟာ မင်းနေပြည်တော်၊ ဩဇာအာဏာကြီးတဲ့ မင်းတွေ စိုးစံတဲ့ မြို့ပါ။ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး ဦးဆောင်ပြီး စလုပ်ခဲ့တဲ့ မြို့တည် နန်းတည် နှစ် ၅၀၀ ပြည့်လုပ်တုန်းက သိန်းပေါင်းတစ်သောင်းကျော်ထိ ကုန်တယ်။ အခုဆို တောင်ငူခေတ်ပုံစံ ကေတုမတီမြို့မုခ်ဦးကြီးတွေ လုပ်ပေးထားတယ်။ မြို့ရိုးတွေ၊ ကျုံးတွေ၊ ရှေးဟောင်းဘုရားတွေ ယနေ့ထက်တိုင်ရှိနေပြီး ထိန်းသိမ်းမယ့်သူ မရှိရင် ယိုယွင်းလာမှာစိုးလို့ပါ။ ဒီနှစ်မှာလည်း ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးကော်မတီ ဖွဲ့ထားတယ်။ ဒီကော်မတီမှာ ဦးသိန်းထိုက်အေးက ဥက္ကဋ္ဌ၊ ဒေါက်တာမာမာဝေ(ပါမောက္ခ-ငြိမ်း)က အတွင်းရေးမှူး၊ မြို့မိမြို့ဖတွေပါတယ်။ ကျွန်တော်က တောင်ငူသားလုပ်ငန်းရှင်တစ်ယောက်ဖြစ်နေတော့ ဒီဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစွမ်းကုန်ဆောင်ရွက်ပေးသွားမှာပါ။ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာနိုင်ဖို့၊ ခရီးသွားလုပ်ငန်းတွေ လုပ်ဆောင်ဖို့ရှိပါတယ်။

နိုဝင်ဘာ ၁၇ရက်နေ့ နံနက် ၇ နာရီက ကေတုမတီတောင်ငူမြို့မုခ်ဦးမှာ ရာဇဝန်းခင်း ပုံစံအခမ်းအနားနဲ့ ထွက်လာသော မင်းခမ်းမင်းနားသဘင်ပွဲတော်အား မြင်တွေ့ရသည်မှာ မြန်မာမင်းတို့ အုပ်စိုးခဲ့သော တောင်ငူခေတ်သမိုင်းအား လွမ်းမောဖွယ်ရာအတိပင် ဖြစ်နေပါသည်။ ကေတုမတီ(တောင်ငူ) ၅၀၃ နှစ်ပြည့် မြို့တည် နန်းတည်ပွဲမှနေ၍နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်လျက်. . . ။



မင်းကြီးညိုနှင့် သားတော်တပင်ရွှေထီးပုံ



# မြန်မာ့လက်ရွေးစင် အမျိုးသားဂေါက်သီးရိုက်အသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအဓိကရည်ရွယ်လျက် နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ Santiburi Golf Club ၌ ကျင်းပခဲ့သော 26th Asia Pacific Amateur golf Team Championship 2013 (Nomura Cup) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသားဂေါက်သီးရိုက်အသင်းသည် နိုဝင်ဘာ ၁၈ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ Amateur ဂေါက်သီးရိုက်အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် အသင်းလိုက်ပြိုင်ပွဲတွင်လေးရက်ပေါင်း ၈၇၉ ချက်ဖြင့် အမှတ်စဉ် (၁၃) ချိတ်နိုင်ခဲ့သည်။

ပြိုင်ပွဲတွင် ဩစတြေးလျအသင်းက လေးရက်ပေါင်း ၈၂၈ ချက်ဖြင့် ပထမရရှိပြီး ကိုရီးယားအသင်းက လေးရက်ပေါင်း ၈၃၇ ချက်ဖြင့် ဒုတိယရရှိကာ ထိုင်းအသင်းက လေးရက်ပေါင်း ၈၄၂ ချက်ဖြင့် တတိယရရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ မကွေးတိုင်းရုံးဖွင့်

**မကွေး နိုဝင်ဘာ ၁၉**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း (IKBZ Insurance Co., Ltd.) ၏ မကွေးတိုင်း(ရုံးချုပ်) ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက်က မကွေးမြို့ ရန်ဝေးရပ် ခွာညိုလမ်းနှင့် ပြည်တော်သာ လမ်းထောင့် အမှတ် (၁၅) တွင် ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း၏ မကွေးတိုင်း (ရုံးချုပ်)ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ရုံးအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် ဌာနခွဲများကို လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ယင်းအခမ်းအနားတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က "အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းသည် ပုဂ္ဂလိက အာမခံလုပ်ငန်းလိုင်စင် ရရှိသော ကုမ္ပဏီ ၁၁ ခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အာမခံလုပ်ငန်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့၊ မုံရွာမြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်သော မကွေးတိုင်း(ရုံးချုပ်)သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အာမခံ အကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရှင်းလင်းတင်ပြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးအတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အာမခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။ **(ကြေးမုံ)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့တွင် **ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှိုင်မြစ်ကမ်း (ကမာရွတ်ဘူတာရုံလမ်း) (၆)လွှာ ဝဲဘက် အခန်း အမှတ် (၁၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၉-၁၁-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)၏ အလံပုံစံ**



**ဖက်ဒရယ်ပြည်ထောင်စုပါတီ (Federal Union Party)၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရထားပြေးဆွဲချိန်များလျှော့ချမည်

မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရထားလမ်းပိုင်းများ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ရန်ကုန်-မန္တလေးလမ်းပိုင်း အစုန်/အဆန်လမ်းပိုင်းများအား ပြုပြင်ဆောင်ရွက်လျက်ရှိရာ အတော်အသင့်ကောင်းမွန်လာပြီဖြစ်၍ ၎င်းလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော ရထားများအား မြန်နှုန်းမြှင့်၍ ပြေးဆွဲချိန်များအား လျှော့ချသွားမည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း အစုန်/အဆန်ခုတ်မောင်းပြေးဆွဲလျက်ရှိသော အမြန်ရထားကြီးများအား မူလပြေးဆွဲချိန်ထက် တစ်နာရီခွဲလျှော့၍လည်းကောင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်း အစုန်/အဆန်ပြေးဆွဲလျက်ရှိသော အမြန်ရထားကြီးများအား မူလပြေးဆွဲချိန်ထက် တစ်နာရီလျှော့၍လည်းကောင်း နိုဝင်ဘာ ၂၄ ရက်မှစတင်၍ အောက်ပါအချိန်စာရင်းအတိုင်း ပြေးဆွဲသွားပါမည်-

| ရထားအမှတ် | ခရီးစဉ် | | လက်ရှိအချိန်စာရင်း | | | ပြောင်းလဲပြေးဆွဲမည့် အချိန်စာရင်း | | |
|---|---|---|---|---|---|---|---|---|
| | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ပြေးဆွဲချိန် | ထွက်ချိန် | ရောက်ချိန် | ပြေးဆွဲချိန် |
| ၅-အဆန် | ရန်ကုန် | မန္တလေး | ၀၅၀၀ | ၀၆၃၀ | ၁၅' ၃၀" | ၁၅၀၀ | ၀၅၀၀ | ၁၄' ၀၀" |
| ၆-အစုန် | မန္တလေး | ရန်ကုန် | ၁၅၀၀ | ၀၆၃၀ | ၁၅' ၃၀" | ၁၅၀၀ | ၀၅၀၀ | ၁၄' ၀၀" |
| ၃-အဆန် | ရန်ကုန် | မန္တလေး | ၁၇၀၀ | ၀၉၁၅ | ၁၆' ၁၅" | ၁၇၀၀ | ၀၇၄၅ | ၁၄' ၄၅" |
| ၄-အစုန် | မန္တလေး | ရန်ကုန် | ၁၇၀၀ | ၀၉၁၅ | ၁၆' ၁၅" | ၁၇၀၀ | ၀၇၄၅ | ၁၄' ၄၅" |
| ၁၁-အဆန် | ရန်ကုန် | မန္တလေး | ၀၆၀၀ | ၂၂၃၀ | ၁၆' ၃၀" | ၀၆၀၀ | ၂၁၀၀ | ၁၅' ၀၀" |
| ၁၂-အစုန် | မန္တလေး | ရန်ကုန် | ၀၆၀၀ | ၂၂၃၀ | ၁၆' ၃၀" | ၀၆၀၀ | ၂၁၀၀ | ၁၅' ၀၀" |
| ၃၁-အဆန် | ရန်ကုန် | နေပြည်တော် | ၀၈၀၀ | ၁၈၀၀ | ၁၀' ၀၀" | ၀၈၀၀ | ၁၇၀၀ | ၀၉' ၀၀" |
| ၃၂-အစုန် | နေပြည်တော် | ရန်ကုန် | ၀၈၀၀ | ၁၈၀၀ | ၁၀' ၀၀" | ၀၈၀၀ | ၁၇၀၀ | ၀၉' ၀၀" |
| ၇-အဆန် | ရန်ကုန် | နေပြည်တော် | ၂၀၃၀ | ၀၆၀၀ | ၀၉' ၃၀" | ၂၀၃၀ | ၀၅၀၀ | ၀၈' ၃၀" |
| ၈-အစုန် | နေပြည်တော် | ရန်ကုန် | ၂၀၀၀ | ၀၅၃၀ | ၀၉' ၃၀" | ၂၀၀၀ | ၀၄၃၅ | ၀၈' ၃၅" |

ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အခြားစာပို့နှင့် လူစီးကုန်တင်ရထားများ၏ ပြေးဆွဲချိန်များကိုလည်း အသီးသီးလျှော့ချပြေးဆွဲမည်ဖြစ်ရာ ရထားအချိန်စာရင်းများအား သက်ဆိုင်ရာဘူတာများတွင် ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြန်မာ့မီးရထား**

## ❖ ကျောဖုံးမှ

အထူးရထားအတွက် လက်မှတ်ခနှုန်းထားများမှာ လက်ရှိ ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ် ပြေးဆွဲနေသည့် လူစီးအမြန်ရထားများ၏ လက်မှတ်ခနှုန်းထားအတိုင်း ရန်ကုန်မှ နေပြည်တော်ခရီးစဉ်အတွက် ရိုးရိုးတန်း ကျပ် ၂၈၀၀၊ အထက်တန်းထိုင်ခုံ ကျပ် ၅၆၀၀၊ နေပြည်တော်မှ မန္တလေးခရီးစဉ်အတွက် ရိုးရိုးတန်း ကျပ် ၁၈၅၀၊ အထက်တန်း ထိုင်ခုံ ကျပ် ၃၇၀၀၊ ရန်ကုန်မှ မန္တလေးခရီးစဉ်အတွက် ရိုးရိုးတန်း ကျပ် ၄၆၅၀၊ အထက်တန်းထိုင်ခုံ ကျပ် ၉၃၀၀ တို့ဖြစ်သည်။

ရန်ကုန်၊ နေပြည်တော်၊ မန္တလေး ဘူတာကြီးများတွင် ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်၍လည်းကောင်း၊ အထက်တန်းလက်မှတ်များကို ခရီးသွားမည့်ရက်အပါအဝင် သုံးရက်ကြိုတင်၍လည်းကောင်း၊ လက်ကျန်လက်မှတ်များကို ရထားမထွက်ခွာမီ ၁၅ မိနစ်အလိုအထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး လမ်းခရီးဘူတာများ၌ နေ့ချင်းလက်မှတ်ရောင်းချပေးမည်ဖြစ်သည်။ **(မြန်မာ့မီးရထား)**








## အပြည်ပြည်ဆိုင်ရာ ဘိလိယက်နှင့် စနူကာ ဒိုင်သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၉**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ဘိလိယက်နှင့်စနူကာ၊ Corom ပြိုင်ပွဲများ၌ တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများအနက်မှ အရည်အချင်း ပြည့်မီသော ဒိုင်လူကြီး ကိုးဦးအား အာရှဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် (ACBS) မှ တာဝန်ရှိသူများက လာရောက်ပို့ချရာ ရေး/ဖြေစစ်ဆေးခြင်း၊ နှုတ်ဖြင့် အမေး/အဖြေ စစ်ဆေးခြင်းများပြုလုပ်၍ အောင်မြင်သူများအား အပြည်ပြည်ဆိုင်ရာ ဒိုင်လက်မှတ်များပေးအပ်ပြီး (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တာဝန်ယူဆောင်ရွက်နိုင်ရန်အတွက် ခန့်ထားတာဝန်ပေးအပ်ပြီး ဆီးဂိမ်းပြီးဆုံးပါကလည်း နောက်နောင် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ဒိုင်လူကြီးများအဖြစ် တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ပွဲဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(တင်မောင်ဦး-အလုံ)**

## GREEN ဖိတ်ခေါ်ကာတွန်း၊ ခာတ်ပုံနှင့် အိမ်ဒီဇိုင်းပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပမည့် တတိယအကြိမ်မြောက် GEGG ဖိုရမ်(ရန်ကုန်)တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ GREEN ဖိတ်ခေါ်ကာတွန်းပြိုင်ပွဲ၊ GREEN ဖိတ်ခေါ်ခာတ်ပုံပြိုင်ပွဲနှင့် GREEN ဖိတ်ခေါ်အိမ်ဒီဇိုင်းပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

GREEN ဖိတ်ခေါ်ကာတွန်းပြိုင်ပွဲတွင် ပထမဆုကို သီဟလင်း(သီဟ-စခန်းသစ်)၊ ဒုတိယဆုကို ကာတွန်း အဂ္ဂ၊ တတိယဆုကို ရဲလင်းချို(ရွှေလူ)၊ နှစ်သိမ့်ဆုနှစ်ဆုကို ဦးညဏ်မြင့်(ကာတွန်းကိုညဏ်)နှင့် ဦးဗချီ (ကာတွန်း ဗချီ) တို့ကလည်းကောင်း၊ GREEN ဖိတ်ခေါ်ခာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို ရဲအောင်သူ (YAT Group)၊ ဒုတိယဆုကို ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ တတိယဆုကို ဇော်လှိုင် (ATK)၊ နှစ်သိမ့်ဆု နှစ်ဆုကို အောင်ကျော်ထွန်း(ပုသိမ်ကြီး)နှင့် မင်းဇေယျာဦး(ရုပ်တာသတင်းဌာန)တို့ကလည်းကောင်း၊ GREEN ဖိတ်ခေါ်အိမ်ဒီဇိုင်းပြိုင်ပွဲတွင် ပထမဆုကို Leo Creation၊ ဒုတိယဆုကို TnZ၊ တတိယဆုကို Ei Mon Phyo၊ အထူးဆု(၁)ကို METTA နှင့် အထူးဆု(၂)ကို The Elite တို့ရရှိသွားကြောင်း သိရသည်။

ကာတွန်းဆုနှင့် ခာတ်ပုံဆုရရှိသူများသည် ရန်ကုန်မီဒီယာဂရု(ပ်) (အမှတ် ၃၅(ဘီ)/၁၅) ဒုတိယထပ် တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ဖုန်း ၀၁-၈၆၀၃၉၀၁-၀၄) သို့လည်းကောင်း၊ အိမ်ဒီဇိုင်းဆုရရှိသူများသည် မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း (အမှတ် ၂၂၈/၂၃၄) တတိယထပ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၇၃၁၅၄၄၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ ဆုမရရှိသည့် ကာတွန်းပညာရှင်များနှင့် ခာတ်ပုံပညာရှင်များပါ တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲများကို GEGG Myanmar (not for profit) Association မှ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ဇာတ်ကားသစ်တွင် ဒါရိုက်တာနှင့်သရုပ်ဆောင်အပြင် ဇာတ်ညွှန်းပိုင်းကိုပါ ပုံဖော်သွားမယ့် ကူဟေးဆွန်း



F4 မင်းသမီးလေးအဖြစ် လူသိများသူ တောင်ကိုရီးယားကြယ်ပွင့် ကူဟေးဆွန်းက Dwoder ဇာတ်ကားသစ်ကို ဒါရိုက်တာနှင့် သရုပ်ဆောင်အပြင် ဇာတ်ညွှန်းပိုင်းဆိုင်ရာများတွင်လည်း တာဝန်ယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း YG အင်န်တာတိန်းမန့်မှ သတင်းထုတ်ပြန်ထားသည်။

ကူဟေးဆွန်းအနေဖြင့် ယင်းဇာတ်ကားတွင် ငယ်ရွယ်စဉ်ဘဝများက ကံမကောင်းအကြောင်းမလှသည့်ဖြစ်ရပ်များ ရင်ဆိုင်ခဲ့ရသည့် သားအမိအဖြစ် တွဲဖက်သရုပ်ဆောင် ရှင်ဟေဂျင်းနှင့် အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

တောင်ကိုရီးယားကြယ်ပွင့် ကူဟေးဆွန်းအနေဖြင့် Magic - 2010 နှင့် The Peach Tree ဇာတ်ကားများတွင် ဒါရိုက်တာနှင့် ထုတ်လုပ်သူအဖြစ် ပါဝင်ခဲ့ဖူးသော်လည်း ယခုဇာတ်ကားတွင် ဇာတ်ညွှန်းပိုင်းနှင့် ထုတ်လုပ်မှုပိုင်းဆိုင်ရာများကို အထူးဂရုပြုဆောင်ရွက်နေရပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ Dwoder ဇာတ်ကားအတွက် သရုပ်ဆောင်ရွေးချယ်ခြင်းများပြုလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် အမြန်ဆုံးစတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်-စုစည်းရေးသားသည်**



## တေလာဆွတ်ဖ်ထံမှ သင်ယူစရာများ အများအပြားရှိသည်ဟုဆိုလာသူ ဆီလီနာဂိုမက်ဇ်

**ဆယ်ကျော်သက် အနုပညာကြယ်ပွင့် ဆီလီနာဂိုမက်ဇ်က သူ၏ဘဝအောင်မြင်မှုများအတွက် သူငယ်ချင်းဖြစ်သူ တေလာဆွတ်ဖ်က တစ်ချိန်လုံးအနားမှာ အကောင်းဆုံးသူငယ်ချင်းတစ်ယောက်အဖြစ် လမ်းပြပေးနေခဲ့ပါကြောင်းနှင့် ၎င်းထံမှ သင်ယူစရာ အတွေ့အကြုံဗဟုသုတများစွာ ကျန်ရှိနေသေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။**

တေလာဆွတ်ဖ် အသက် (၁၈) နှစ်နှင့် မိမိအသက် ၁၅၊ ၁၆ အရွယ်တွင် အခင်ဆုံးသူငယ်ချင်းများဖြစ်ခဲ့ကြပြီး သာတူညီမျှ နေထိုင်လာခဲ့ပါကြောင်း၊ ဂီတပညာရပ်ပိုင်းတွင်လည်း ဆောင်ရန်၊ ရှောင်ရန်များ၊ သိသင့်သိထိုက်သည်များကို သင်ကြားပေးခဲ့ပါကြောင်း၊ အနာဂတ်တွင်လည်း တေလာဆွတ်ဖ်ထံမှ သင်ယူစရာအမြောက်အမြားကျန်ရှိနေသေးကြောင်း၊ ဆွတ်ဖ်သည် အံ့ဩထူးခြားသည့် ဂီတပညာရှင်တစ်ယောက်ဖြစ်ပါကြောင်း ဂိုမက်ဇ်က Herald Sun သတင်းစာသို့ ပြောကြားခဲ့သည်။

ထို့အပြင် ဂီတဖျော်ဖြေပွဲများသာမက ဂီတခရီးစဉ်များတွင်လည်း လိုအပ်သည်များ အမြဲသွန်သင်ပံ့ပိုးပေးလေ့ရှိသည့် တေလာဆွတ်ဖ်ထံမှ မကြာခင်ကပြီးဆုံးခဲ့သည့် ဂီတဖျော်ဖြေပွဲတွင်လည်း အကူအညီများ ရယူခဲ့ရကြောင်း ဂိုမက်ဇ်က ထည့်သွင်းပြောကြားခဲ့သည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ငှားရမ်းထားပြီး ငှားရမ်းသက်တမ်းပြည့်သော Myanmar Shopping Mall အဖြစ် ဖွင့်လှစ်ထားပြီး အဆောက်အအုံနှင့် ဂိုဒေါင်အဖြစ်အသုံးပြုသည့် အဆောက်အအုံတို့အား ဟိုတယ်လုပ်ငန်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ဆောင်ရွက်လိုသောလုပ်ငန်းများကို သက်တမ်း(၅)နှစ်ဖြင့် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရေး ခေါ်ယူအပ်ပါသည်-

| | |
|---|---|
| Myanmar Shopping Mall အဖြစ်အသုံးပြုထားသော (အလျား ပေ၁၀၀×အနံ ပေ၆၀၊ ၃ထပ်အဆောက်အအုံ) အမှတ်(၁၄၃/၁၄၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| Myanmar Shopping Mall ၏ ဂိုဒေါင်အဖြစ် အသုံးပြုထားသော (အလျား ပေ၄၀×အနံ ပေ၅၀၊ ၃ထပ်သိုလှောင်ရုံ) အမှတ်(၁၅၆/၁၅၈)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ် | |

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်တွင် တစ်စုံလျှင် (၂၀၀၀ဝိ/-)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းများအသေးစိတ်ကို အဆိုပါဝန်ကြီးဌာနရုံး၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းများကို လိုက်နာနိုင်သူများ၏ အဆိုပြုလွှာများအား အဆိုပါဝန်ကြီးဌာနရုံး၌ပင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၉း၃၀နာရီမှ ၁၂ နာရီအထိ လက်ခံသွားမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းရက်နေ့ ၁၃း၃၀ နာရီတွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၀၃၊ ၄၀၆၁၀၅၊၄၀၆၁၆၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဟိုတယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

## December
## ကားအလှဆင်ပစ္စည်းဆိုင်

DVD-TV တစ်လုံးကို ငွေကျပ်တစ်သိန်းဖြင့် တပ်ဆင်နိုင်မည့် အထူး Promotion အစီအစဉ်နှင့် ၂၅၀၀၀၀ ဖိုးနှင့်အထက် ဝယ်ယူအားပေးလျှင် ကားတွင်းသုံး ရေခဲသေတ္တာတစ်လုံး လက်ဆောင်ရရှိနိုင်ပါသည်။ လည်သာကူရှင်စွပ်များ၊ Original Spoiler များနှင့် Alphard အထိ Battery ထောက်နိုးနိုင်သည့်စက်များလည်း ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ စတေကာ စက်ဖြင့် ဖောက်ပေးခြင်း၊ စက်ပေါလစ်တိုက်ခြင်းနှင့် နီယွန်မီးများ တပ်ဆင်ခြင်းများကိုလည်း ဈေးနှုန်းချို သာစွာဖြင့် ဝန်ဆောင်မှုပေးနေပါသည်။

အမှတ်(၄၄၆)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၅၁၆၉၃

## သမီးလေး "ယွန်းပန်းအိမ်" အတွက် မွေးနေ့ဆုတောင်း

Happy Birthday Yunn Pan

၂၀-၁၁-၂၀၁၃ ရက်မှာ ကျရောက်တဲ့ သမီးလေး ယွန်းပန်းရဲ့ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် ဘဝတစ်လျှောက်လုံး စိတ်ချမ်းမြေ့မှုများကိုသာ ပိုင်ဆိုင်ပြီး ဆန္ဒနဲ့ ဘဝ တစ်ထပ်တည်းကျပြီး ယွန်းပန်းချစ်တဲ့ ပါပါး၊ မာမား၊ ယွန်းပန်းချစ်တဲ့မောင်လေးနဲ့ အသက်ထက်ဆုံး ပျော်ရွှင်နိုင်တဲ့သူဖြစ်ပါ စေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ချစ်တဲ့-ပါပါး
ချစ်တဲ့-မာမား
ချစ်တဲ့-မောင်လေး မင်းသစ္စာ
ချစ်တဲ့-ဒေါ်ကြီး သဇင်
ချစ်တဲ့-ဒေါ်လေး ခိုင်ဇွန်

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကြည်ချို၏ (BST-12491/01) လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၈၆၁၂၈၁၄

## ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်)
## ကထိန်အောင်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားဖိတ်ကြားလွှာ

ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်အောင်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို စမ်းချောင်းမြို့နယ် "နေနတ်သားစာသင်တိုက်"၌ ၂၄-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ဆင်ပေါင်ဝဲ မြို့နယ်သူ/သားများနှင့် မြို့နယ်အသင်းဝင်တိုင်း မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏သားသမီးများမှ ၂၀၁၃ ခုနှစ်၊ မတ်လတွင် ကျင်းပ ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ဖုန်း-၅၃၇၂၅၆၊ ၀၉-၇၃၁၅၁၃၀၈၊ ၅၆၂၇၄၂ နှင့် ၀၉-၅၁၈၅၇၆၃ တို့ထံ ၂၂-၁၁-၂၀၁၃ ရက် နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့


ငါးနှစ်ကောင်
PISCES
မွှေးမွှေးလေးနဲ့ ချေးကျွတ်တာ
ငါးနှစ်ကောင် ဆပ်ပြာပါ
Soap Noodle
ကိုယ်တိုက်ဆပ်ပြာဈေးအတွက်အသင့်ထုတ်လုပ်နိုင်သည်။
Italy နိုင်ငံထုတ် Mazzoni စက်သစ်ကြီးဖြင့်ထုတ်လုပ်ထားသဖြင့် နိုင်ငံခြားအဆင့်မီ Quality ဖြစ်သည်။
ဈေးနှုန်းအလွန်သက်သာသည်။
Golden Flower Co., Ltd.
အမှတ် - ၂၁၄(အေ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 01-2300672, 2300677, 2300679.



# မိတ္ထီလာကန်ရေဖြင့်စိုက်ပျိုးသည့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ နိုဝင်ဘာ ၁၉**

မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာကန်(မြောက်ကန်)ဖြင့် စိုက်ပျိုးကြသည့် တောင်သူများ၏ စပါးခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိတ္ထီလာကန်ရေဖြင့် ဇောင်းချမ်းကုန်း၊ ရှမ်းတဲ၊ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်၊ ကဖြူရွာသာအေး၊ ငွေးတောက်ကုန်း၊ ညောင်ကုန်း၊ ဓမ္မပါလ၊ မကျီးစု၊ သဲကုန်းစသည့်ကျေးရွာများမှ မိုးစပါးစိုက် တောင်သူများမှာ မနောသုခရက်ကိုးဆယ်စသည့် သက်တမ်းတိုသည့်စပါးများ စိုက်ပျိုးကြသဖြင့် စပါးပင်များ အောင်မြင်ဖြစ်ထွန်းလျက် စပါးနှံများထွက်ရှိပြီး နိုဝင်ဘာလကုန် ဒီဇင်ဘာလအတွင်း ရိတ်သိမ်းနိုင်တော့မည်ဖြစ်သည်။ စပါးစိုက်ပျိုးချိန်မှ ယခုအချိန်အထိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များက ကျေးရွာအရောက်ကွင်းဆင်း၍ စိုက်ပျိုးနည်းများ၊ စိုက်ပျိုးပြီးချိန်တွင်စပါးဖျက်ပိုးများကာကွယ်ရန်နှင့် ပိုးများကျရောက်ခဲ့လျှင် ဆောင်ရွက်နည်းများ လမ်းညွှန်ပြသခဲ့သဖြင့် မိုးစပါးများအောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း မိုးစပါးများရိတ်သိမ်းချိန်စော၍ နွေစပါးစိုက်ပျိုးမှုအတွက် လယ်ယာလုပ်ငန်းခွင်ကို ကြိုတင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ မနှစ်ကတော့ နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘူး၊ ဒီနှစ်တော့ မိုးက အဆက်အပြတ်ရွာခဲ့သဖြင့် မိတ္ထီလာကန်မှာရေများ ပြည့်လျှံခဲ့သဖြင့် နွေစပါးများလည်း စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ မိုးစပါးရိတ်သိမ်းချိန်လည်း စောသလို နွေစပါးများ စိုက်ပျိုးမှုကြောင့် အဆိုပါကန်ရေဖြင့်စိုက်ပျိုးကြသည့် ကျေးရွာများမှတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကားတာယာအဟောင်းမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် ပခုက္ကူမြို့အနီးရှိ ကန်တော်ရွာကလေး

**ပခုက္ကူ နိုဝင်ဘာ ၁၉**

အနော်ရထာ တည်ခဲ့သော ပခုက္ကူမြို့နှင့် (၁၂)မိုင်ကွာဝေးသော ကန်တော်ရွာကလေးတွင် ယနေ့တိုင်အောင် မှာယူမှုအားကောင်းနေသော ကားတာယာအဟောင်းမှထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများ ခေတ်စားနေဆဲဖြစ်ကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။ ကန်တော်ရွာကလေးသည် ပေါက်၊ ကျောက်ထု၊ မင်းတပ်၊ မတူပီသွားကားလမ်းဘေး၌ တည်ရှိသည်။ အိမ်ခြေ ၄၈၀ရှိသည်။ အနော်ရထာမင်း၏ ကောင်းမှုတော် ရှင်ဘုရင်ရတနာမြတ်ချမ်းသာမြတ်စွာဘုရားကြီး ကိန်းဝပ်စံပျော်လျက်ရှိသည်။နှစ်စဉ် နတ်တော်လပြည့်ကျော် ၁ ရက်၊၂ရက်နေ့များ၌ ဗုဒ္ဓပူဇနိယပွဲနှင့် စာရေးတံဆွမ်းလုံးပွဲ သဘင်ကျင်းပသည်၊ အနော်ရထာမင်းလက်ထက်ကတည်းက တည်ရှိခဲ့သော ကန်တော်ရွာကလေးမှ ရေပုံး၊ ရေပုံးကြီး၊ ကားတာယာဖိနပ်၊ သားရေဖိနပ်အောက်ပိတ်၊ ဆိုင်ကယ်စပေါ့ကက်များပြုလုပ်ရောင်းချသည်။**(အောက်ပုံ)**

တာယာအဟောင်းမှ သံနန်းကြိုးများ စစ်ကိုင်း၊ မန္တလေးမှ လာရောက်ဝယ်ယူသည်။ သံနန်းကြိုး ကားတာယာ တစ်လုံးစာ ကျပ် ၄၀၀၊ ၅၀၀ ကျပ် ရောင်းရသည်။ စတီးတာယာမြေနင်းသံတစ်ခု (၈၀၀ကျပ်/၁၀၀၀ ကျပ်) ရောင်းရသည်။ ကျွန်တော်တို့ ကားတာယာအဟောင်းမှ ထုတ်လုပ်တဲ့ ပစ္စည်းလုပ်အားခကို ပုတ်ပြတ်နှုန်း နေ့စားနှုန်းနဲ့ပေးပါတယ်၊ အလုပ်သမားတစ်ဦးကို တစ်နေ့ ၂၅၀၀ကျပ် ၃၀၀၀ ကျပ်နှုန်း ရှင်းရပါတယ်ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ရေပုံးကြီး ဖောက်သည်ဈေး တစ်တောင် ၁၂၅ ကျပ်၊ ရေပုံး ၆၅၀ ကျပ်မှ ကျပ်၁၂၀၀၊ ကားတာယာဖိနပ် ၁၈၀ ကျပ်မှ ၂၅၀ ကျပ်၊ သားရေဖိနပ်အောက်ပိတ် ၁၅၀ ကျပ်မှ ၁၈၅ ကျပ်၊ ဆိုင်ကယ်စပေါ့ကက် ၂၅၀ကျပ်မှ ၃၅၀ကျပ် ဈေးရှိသည်ဟုသိရသည်။ကားတာယာဖိနပ်များ အသုံးခံ အကြမ်းခံ၍ ချင်းပြည်နယ်နှင့် ယောနယ်တစ်ခွင်မှ မှာယူ စီးနင်းကြသည်။ ကြက်ပေါင်ဖိနပ် သားရေဖိနပ်များသည် ယောနယ်၊ ချင်းပြည်နယ်၏ တောတောင်ရေမြေ သဘာဝကြောင့် အသုံးမခံဟု လုပ်ငန်းရှင်တစ်ဦးက လည်းပြောသည်။ ကျေးလက်တောရွာ အများစုသည် ယခင်ခေတ်က ထန်းလက်ပြားဖိနပ်ကို စီးနင်းကြသည်။ ကားတာယာအဟောင်းများမှ ဖိနပ်အသွင်တီထွင်စီးနင်းရာမှ လူသုံးကုန် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်လာကြသည်ဟု ကန်တော်ရွာသား လုပ်ငန်းရှင်ဦးဝင်းညွန့်က ပြောသည်။

ကန်တော်ရွာမှထုတ်လုပ်သောကားတာယာအဟောင်းမှ လူသုံးကုန်ပစ္စည်းများသည် သားရေဖိနပ်တွင်ကျယ်နေသမျှ အားကောင်းနေမည်သာ ဖြစ်သည်ဟု သိရှိရသည်။ ကန်တော်ရွာမှ လုပ်ငန်းရှင် ၇၀ တို့ ထုတ်လုပ်သော ကားတာယာအဟောင်းမှ ထုတ်လုပ်သော ပစ္စည်းများကို ပုဂံ-ညောင်ဦး-မြိုင်-ရေစကြို မြေပြန့်ဒေသများကလည်း မှာယူမှုအားကောင်းကြောင်း သိရှိရသည်။



**နေဦးမောင်(ပခုက္ကူ)**

## အစိုးရကြော်ငြာ

### မြန်မာ့သစ်လုပ်ငန်း
### ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
### ၅/၂၀၁၃-၂၀၁၄ကြိမ်မြောက် သစ်လုံးဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ပြည်တွင်းသုံး သစ်လုံးကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) ရောင်းချမည့် ရက်နှင့်အချိန် | - | ၃-၁၂-၂၀၁၃ ရက်၊၁၀း၀၀နာရီ |
| (ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် | - | သစ်မာ သစ်လုံး (၆၈၁) တန် |
| (ဂ) ရောင်းချမည့်နေရာ | - | ယင်းမာခန်းမ၊ပြည်တွင်းရောင်း/စက် (ရုံးချုပ်)မြန်မာ့သစ်လုပ်ငန်း၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပက်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www. myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၃၇၂၀၂၃၊၀၁-၃၇၂၄၂၃၊၀၁-၃၇၂၆၈၈များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄) မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် တမံဖို့ကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံအရောင်းပိတ်ရက် | - | ၂၅-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ |
| Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် | - | ၄-၁၂-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄) မိုင်ခန့်အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းတွင် ဆောင်ရွက်သွားမည့် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံအရောင်းပိတ်ရက် | - | ၂၅-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ |
| Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် | - | ၄-၁၂-၂၀၁၃ ရက်၊ ၁၆း၃၀နာရီ |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် (၁၄) မိုင်ခန့် အကွာ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်သွားမည့် CVC ခွဲကျောက်ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံအရောင်းပိတ်ရက် | - | ၂၅-၁၁-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ |
| Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် | - | ၄-၁၂-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးဌာနမှ အောက်ဖော်ပြပါ အိတ်ချိန်းစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ရာ ဆက်သွယ်ရေးစက်ပစ္စည်းများ တင်သွင်းလိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) Interconnection Core Network Expansion based on existing C4 switches

(၁) Core Network Trunk 450 E1 Expansion 1 Lot

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ခုနှစ်၊နိုဝင်ဘာလ(၂၂)ရက် နံနက်(၉း၃၀)နာရီမှ နိုဝင်ဘာလ(၂၉)ရက် ညနေ(၁၆း၀၀)နာရီအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုတယ်လီဖုန်းဌာန၊ အမှတ် (၁၀၃)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံများအား အမှတ်စဉ်(က)အတွက် တင်ဒါနှင့် RFP(Request for Proposal) တစ်စုံလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၃။(က) စက်ပစ္စည်းများ တင်သွင်းရောင်းချလိုသည့် ပြည်တွင်း ပြည်ပကုမ္ပဏီများသည် တင်ဒါပုံစံနှင့် RFP များတွင် ဖြည့်သွင်းရမည့်အချက်အလက်များ ပြည့်စုံစွာထည့်သွင်းလျက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမှတ်(၁၀၃)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက် နံနက်(၉း၃၀)နာရီမှ ဒီဇင်ဘာလ(၁၆)ရက် နံနက်(၁၁)နာရီအတွင်း တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။(ခ) တင်ဒါတင်သွင်းရန် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ စက်ပစ္စည်းများအား Price နှင့် Performance ယှဉ်တွဲစဉ်းစားရွေးချယ်သည့်နည်းလမ်းဖြင့် တင်ဒါစိစစ်၊ ဈေးနှုန်းစိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တယ်လီဖုန်းအမှတ်(၀၁-၃၇၀၄၄၄၊ ၀၁-၃၇၂၄၄၄) နှင့် (၀၉-၄၅၀၁၂၃၄၅၆၊ ၀၉-၅၀၂၁၀၈၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# တတိယအရွယ်ခေတ် ကျွန်မမီချင်ပါသေးသည်

**ယုဇနကေသီ**

ယခုတလောတွင် ပညာရေးကဏ္ဍမြှင့်တင်ဖို့ ပညာရေးဆောင်းပါးများ၊ စာအုပ်စာတမ်းများ၊ စာနယ်ဇင်းများမှ ပညာရေးအသိတိုးမြှင့်ပေးဖို့၊ စာဖတ်ဖို့ တိုက်တွန်းနှိုးဆော်စာများ အများအပြားဖတ်ရှုမိပါသည်။ နိုင်ငံတော်အကြီးအကဲများကလည်း ပညာရေးကဏ္ဍတိုးတက်မြင့်မားလာမှ ပညာတတ်များ များပြားလာမှ ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းများပြောဆို အဆင့်ဆင့်လုပ်ဆောင်ကြဖို့ ပညာရေးကဏ္ဍ မြှင့်တင်ရန် အဆင့်ဆင့်ဖွဲ့စည်းပေးပြီး စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက် ရှိနေကြပါသည်။

အလွန်ဝမ်းသာကျေးဇူးတင်မိပါသည်။ နိုင်ငံတော်ကြီးစနစ်တကျတိုးတက်တော့မည်ကိုး . . . ကျွန်မတို့ငယ်စဉ်လွန်ခဲ့သော နှစ်(၅၀)ကျော်မှစတင်၍ ပညာရေးစနစ်များအမျိုးမျိုးပြောင်းလဲလာသည်များနှင့် ကြုံတွေ့ခဲ့ရပါသည်။ ကျွန်မတို့ခေတ်က သင်ရိုးညွှန်းတမ်းများအစအဆုံးသင်ယူကြရပြီး စာမေးပွဲဖြေလျှင်လည်း သင်ခန်းစာအစအဆုံး ဖြေခဲ့ရပါသည်။ ဒုတိယပတ်စာမေးပွဲဖြေလျှင်လည်း ပထမပတ်ကမေးပြီးပြီဆိုပြီး ဖြုတ်မထားရဲခဲ့ကြပါ။ သင်ပြီးထားသမျှ အစမှအဆုံးတိုင် ပြန်မေးတတ်ပါသည်။ ကျွန်မတို့စာအားလုံးကျက်မှတ်ပြီးဖြေခဲ့ကြရပါသည်။ ကျူရှင်ဆိုတာများလည်းမရှိသေးပါ။ အတန်းပိုင်ဆရာမကျူရှင်ဆိုတာ ကြားပင်မကြားဖူးခဲ့ပါ။ ကျွန်မတို့ပတ်ဝန်းကျင်မှ ပြောစကားများအရပြောရလျှင် အရင်ခေတ်က ဆယ်တန်းအထိပညာသင်ခဲ့သူများသည် ယခုခေတ်ဘွဲ့ရများထက်အသိပညာ ဉာဏ်ရည်ကောင်းကြသည်၊ စာပိုတတ်ကြသည်၊ အင်္ဂလိပ်စာပိုတော်ကြသည်ဟု ဆိုကြပါသည်။ ဆရာ၊ ဆရာမများ၏ စိတ်ထားမှာလည်း သင်ကြားမှုများကို စေတနာအပြည့်ဖြင့် သင်ပေးခဲ့ကြပါသည်။ ကျွန်မတို့ခံယူခဲ့ကြရပါသည်။ အထက(၃)ဒဂုံမှ ဆဌမတန်းအတန်းပိုင်ဆရာမကြီးဒေါ်အေးစိန်ဆိုလျှင် ကျောင်းစတက်တက်ချင်း ဘာသာရေးအချိန် သီးသန့်ယူပြီး ဆုံးမသွန်သင်ခြင်း၊ ဗုဒ္ဓဝင်များကို နားလည်တတ်သွားအောင် ဟောပြောခြင်း၊ ဆုံးမခြင်း၊ ပရိတ်ကြီး(၁၁)သုတ်ကိုရွတ်ဆို သင်ကြားပေးပြီး ဘုန်းတော်ကြီးကျောင်းသီလရှင်ဆရာကြီးများထံ ရွတ်ဆိုပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ဒါကကျွန်မတို့ကြီးပြင်းလာခဲ့ရသည့် ပထမအရွယ် ပညာရှာစဉ်အချိန်ပါ။

ကျွန်မ ဒုတိယအရွယ်သားသမီးများ ပညာယူကြစဉ်အချိန်မှာတော့ ပညာရေးစနစ်၏ ကောင်းမွေဆိုးမွေကို ကောင်းကောင်းကြီးခံစားကြရသလို ရှိကြပါသည်။ သားသမီးများ ပင်ပန်းကြီးစွာ ပညာသင်ယူခဲ့ကြရသည်။ ပထမသား သုံးနှစ်အရွယ်မှာကတည်းက ပညာရေးအတွက် စတင်ခေါင်းစားခဲ့ရပါသည်။ မူကြိုနှစ်နှစ်တက်စေခဲ့ပါသည်။ အသက်ငါးနှစ်တွင် သူငယ်တန်းစထားခဲ့ပါသည်။ ကျောင်းတက်သည့်နေ့မှာပင် အိမ်စာက က ကြီးမှ င အထိ တစ်လုံးကို ငါးမျက်နှာ လှအောင်ရေးခဲ့ပါတဲ့။ ကျောင်းကပြန်လာ၊ ထမင်းစားပြီးတာနဲ့ စာအုပ်နဲ့မျက်နှာကပ်လိုက်တာ ကစားချိန်လည်းမရှိ၊ လှုပ်ရှားမှုလည်းမရှိနှင့် အိပ်ရာဝင်ကာနီးအထိ ရေးတော့တာပါပဲ။ လှစေချင်၊ စနစ်ကျစေချင်လို့လည်း အနားကထိုင်ပြီး သတိပေး စောင့်ခဲ့ရပါတယ်။

ဒါကြောင့်မို့ တတိယအရွယ် ကျွန်မမြေးများလက်ထက်မှာစနစ်ကျလှတဲ့ ပညာရေးစနစ်တစ်ခု၏ အောက်မှာ လူငယ်တွေကို အဓိကထားပြီးစိတ်ဓာတ်၊ စည်းကမ်းများ၊နိုင်ငံလူမျိုးချစ်သည့် စိတ်ဓာတ်များရှင်သန်ထက်မြက်တိုးတက်စေမည့် စနစ်ကောင်းများ ဇာတိ၊ ပုညာ၊ ဂုဏ်၊ မာန ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်ကောင်းများနှင့်အတူ ပညာသင်စဉ်လေ့ကျင့်ပျိုးထောင် စနစ်ကောင်းများဖြင့် စောင့်ရှောက်သွားတာကိုမြင်ခွင့်ရချင်တာပါပဲ။ စနစ်ကျလှသည့် ဒီမိုကရေစီစနစ်အောက်မှာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်တွေကို လေ့ကျင့်ဖော်ဆောင် သင်ကြားပေးရင်း အနာဂတ်၏ သားကောင်းများကို မြင်စမ်းချင်မိပါတော့သည်ရှင်။ ။



## ပဒေသာပင်မဲဖောက်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၉**

အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်တင့်နှင့်ရပ်ကွက်အသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများ၏ ကထိန်လျာသင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၁၇ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ပဒေသာပင် ၂၂ ပင်၊ တန်ဖိုး ၅၂ သိန်းကျော်အား စာသင်တိုက်များ၊ ဘုန်းကြီးကျောင်းများသို့ မဲဖောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** **(၆၈၄)**



## ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ညှိနှိုင်းဆွေးနွေး

**ရမည်းသင်း နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးခန်းမ၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အစီအစဉ်များအကျယ်တဝင့်သိရှိနိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်းပြုလုပ်ရာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌဦးမောင်မောင်၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးအတွင်းရေးမှူးနှင့်အဖွဲ့ မြို့နယ်အတွင်းရပ်/ကျေး ၆၈ အုပ်စုမှ သန်းခေါင်စာရင်းကောက်ယူရေးဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများတက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်မောင်မှ အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သိန်းမှ ၂၀၁၄ခုနှစ်တွင် ပြုလုပ်မည့်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ခရိုင်၊ မြို့နယ်၊ ရပ်ကျေး၊ အုပ်စု၊ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီမှ ဆောင်ရွက်ရမည့်လူဦးရေနှင့် အိမ်အကြောင်းအရာအချက်အလက်များ၊ ပြည်သူလူထုသိရှိရမည့် အချက်အလက်များ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့်ဆိုင်သော လက်ကမ်းစာစောင်များဖြန့်ဝေပြီး သိရှိရမည့်အချက်အလက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်းသိရှိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## အစိုးရ/စီးပွားရေးကြော်ငြာ

### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက်
### e-Government နှင့် ပတ်သက်သည့်ပစ္စည်းများဝယ်ယူရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ဦးရေ |
|---|---|---|---|
| ၁။ | Optical Fiber Cable (12 Core) | meter | ၃၅၀၀ |
| ၂။ | Optical Termination Box (12 Core) | Set | ၄ |
| ၃။ | Fiber Cable Joint Closure(12 Core) | Set | ၃ |
| ၄။ | Patch Cord (5m,FC/PC) | Set | ၁၆ |
| ၅။ | Suspension Clamp | Set | ၅၃ |
| ၆။ | Anchor Eye | Set | ၁၆ |
| ၇။ | Anchoring For Stay | Set | ၄ |
| ၈။ | Stay Rod | Set | ၄ |
| ၉။ | S.S.N.P | Set | ၄ |
| ၁၀။ | Gi Wire (300Ib/mile) | Set | ၆၀ |
| ၁၁။ | Gi Wire(600Ib/mile) | Set | ၁၂၀ |
| ၁၂။ | Eriband Steel Tape (25Meter/reel) | Set | ၃ |
| ၁၃။ | Locking Seal for Eriband | Set | ၁၅၀ |
| ၁၄။ | Concrete Pole (7M) | Set | ၅ |
| ၁၅ | 8E 1 MUX 1 Core | Set (2.Nos) | ၄ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၁-၂၀၁၃ရက်မှ ၁၈-၁၂-၂၀၁၃ရက်ထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ၁၂း၀၀နာရီမှ ၁၃း၀၀နာရီအတွင်း မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၂၈)ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၃၁၂၂၀၉၂၊ ၀၁-၅၁၃၉၈၂၊ ၀၁-၅၁၃၉၈၅၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**မြန်မာ့ရုပ်ရှင်လုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**မြန်မာ့ရုပ်ရှင်လုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း**
**ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း၊ ကုမ္ပဏီ)ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

